ကြေးမုံ
The Mirror Daily
၁၉၅၇ ဖြို ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

e – paper ဖတ်ရှုရန်

ဘယ်အခါမှ အကျိုးမဆုတ်ယုတ်

အပြစ်ကို အပြစ်နှင့်လျော်စွာ နိမ့်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေ၌မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသောပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမျှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ–၇၆)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် ကြာသပတေးနေ့။ Thursday, 29 October 2026 ၁၂၃၆

ယနေ့ ဖတ်စရာ

အာကာသဆိုင်ရာ ပန်းချီ/ကာတွန်း/ပိုစတာ ပြိုင်ပွဲ (အခြေခံပညာအဆင့်) ကျင်းပမည်
စာမျက်နှာ » ၉

အယ်လ်နီညို အပူလှိုင်းများကြားမှ ခရီးသွားလုပ်ငန်း
ဆောင်းပါး စာမျက်နှာ » ၁၀

လွိုင်ကော်မြို့၌ နေရပ်ပြန်ပြည်သူများအား မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသမျိုးသန့် တိရစ္ဆာန်များ ပေးအပ်
စာမျက်နှာ » ၁၆

အခြေခံဝန်ဆောင်မှုလုံခြုံရေးမှသည် နိုင်ငံခြားဝင်ငွေရှာဖွေပေးမည့် ကြက်မွေးမြူရေး
ဆောင်းပါး စာမျက်နှာ » ၁၈




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲ Mr. Vladislav V. SVIBLOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲ Mr. Vladislav V. SVIBLOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့



ဆိုင်ကလုန်းမုန်တိုင်း “အာနာဘ်” ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အားလျော့သွားမည်

နေပြည်တော် အောက်တိုဘာ ၂၈

ယနေ့မွန်းလွဲ ၁ နာရီ၌ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်နှင့် ရနမ်ကမ်းခြေတို့ကို ဘပတ်လမြို့နှင့် ဗီဆာကာပတ္တနမ်မြို့တို့အကြား ရနမ်မြို့တောင်ဘက်အနီးမှ ဖြတ်ကျော်ခဲ့သော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “အာနာဘ်” သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ်အတွင်း၌ ဆိုင်ကလုန်းမုန်တိုင်း“အာနာဘ်” အဖြစ်သို့ အားလျော့သွားခဲ့သည်။အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း“အာနာဘ်” သည် အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဆက်လက်ဖြတ်ကျော်နိုင်ကာ နောက် ၂၄ နာရီအတွင်း ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။ မိုး/ဧလ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးက အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၁၀၀ ကျော် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၆ ခု ခွင့်ပြု

နေပြည်တော် အောက်တိုဘာ ၂၈

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စာမျက်နှာ ၃ ကော်လံ ၁ သို့

ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီမှ သီးနှံစုံ ၄၉၃၈၁ ဧက ရိတ်သိမ်းပြီးစီး



ပွင့်ဖြူ အောက်တိုဘာ ၂၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးသီးနှံစုံ ၁၃၇၉၈၇ ဧကာ လျာထားစိုက်ပျိုးခဲ့ရာ အဆိုပါ သီးနှံစိုက်ခင်းများကို စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ပြီး ယနေ့တွင် သီးနှံစုံ ၄၉၃၈၁ ဧကအထိ ရိတ်သိမ်းပြီးစီးဖြစ်ကြောင်း သိရသည်။ စာမျက်နှာ ၆ ကော်လံ ၁ သို့

ကျွန်းလှမြို့နယ်၌ ဆောင်းမြေပဲကော ၁၃၆၀၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိ

ကျွန်းလှ အောက်တိုဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံမျိုးကို ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲဧကော ၁၃၆၀၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲကို ဆောင်းရာသီနဲ့ မိုးရာသီမှာ စိုက်ပျိုးကြပါတယ်။ ဒီနှစ်မြေပဲစိုက်ပျိုးဖို့ ၁၃၆၆၅ ဧကလျာထားတာ အခု ၈၅၆ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ အရင်နှစ်က ဆောင်းမြေပဲ ၁၄၂၄၅ ဧက စိုက်ပျိုးနိုင်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးကပြောသည်။

ဆောင်းမြေပဲစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသော အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးတို့ကို ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ မြေပဲ ၁၃၆၆၅ ဧက၊ နှမ်း ဧက ၁၃၂၃၀၊ နေကြာ ဧက ၉၆၀၊ ပန်းနှမ်း ၅၃၄၂ ဧက၊ မုန့်ညင်းစေ့ ၄၅၅ ဧက စုစုပေါင်း ၃၃၆၅၂ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မျိုးဝင်းညီ(ကျွန်းလှ)

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၈

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှုစပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

မိုး/ဧလ

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၈

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

မိုး/ဧလ

(၂၈-၁၀-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ဈောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၄၉ ~ ၃၆၇၁	၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ဈောင်းဝယ်သည့် ပမာဏ	၆,၈၃၅,၀၁၇.၄၂	-	၁၀,၄၁၄,၀၂၂.၉၁	-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၈ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ဂ၁၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၈ - ၁၀ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၉,၅၀၀	၁၉,၅၀၀	၁၁၁	၂,၁၇၄,၅၀၀
MTSH	၈,၅၀၀	၈,၄၀၀	၁၀,၃၅၂	၈၇,၂၆၆,၀၀၀
MCB	၁၃,၀၀၀	၁၃,၀၀၀	၄	၅၂,၀၀၀
FPB	၆,၇၀၀	၆,၇၀၀	၇၇၁	၅,၁၆၅,၇၀၀
TMH	၃,၂၅၀	၃,၂၅၀	၆၆	၂၁၄,၅၀၀
EFR	၁,၆၅၀	၁,၆၅၀	၇,၃၁၀	၁၁,၈၅၁,၅၀၀
AMATA	၄,၃၀၀	၄,၂၀၀	၅	၂၁,၁၀၀
MAEX	၆,၃၀၀	၆,၄၀၀	၃၂၉	၂,၀၉၁,၇၀၀
MADPL(PLB)	၆,၃၀၀	၆,၃၀၀	၁,၃၄၀	၈,၄၄၂,၀၀၀
ASPGB(PLB)	၅,၇၀၀	၅,၆၀၀	၆,၃၆၆	၃၅,၇၀၂,၆၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မိုမိုအောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ့
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦ၊ နိုင်လင်းကြည်	အယ်ဒီတန်း သတင်းထောက်များ	- အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
		သုတေသန	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နီလာစိုးနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၇၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ယဉ်ကျေးမှုအနုပညာစွမ်းပကားဖြင့် တစ်တပ်တစ်အားအထောက်အကူပြု

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်ကောင်စီနယ်မြေတွင် အောက်တိုဘာ ၂၁ ရက်နေ့မှ ၂၉ ရက်နေ့အထိကျင်းပခဲ့ရာ ယနေ့တွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင်တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ ယဉ်ကျေးမှုအနုပညာရပ်အလိုက် ယှဉ်ပြိုင်ခဲ့ကြသော အနုသုခုမပညာရှင်များ၊ ဝါသနာရှင်များအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့မြင်ရသည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအား တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ညွှန်းရန်နှင့် အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်လိုသည့် ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ညွှန်းရန်၊ တိုင်းရင်းသားတို့၏ ရိုးရာအကအလှများကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရန် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အနုပညာရှင်များသည် မြန်မာမှုအနုသုခုမ အနုပညာရသပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်ခဲ့ကြသည့်အပြင် မြန်မာ့ယဉ်ကျေးမှုအနုသုခုမပညာရပ်များကို ချစ်ခင်မြတ်နိုးတန်ဖိုးထားပြီး မြန်မာ့အနုပညာကို စိတ်ပါဝင်စားကြသည့် ဝါသနာရှင်ပရိသတ်များကလည်း လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဦးတည်ချက်လေးချက်နှင့်အညီ ပြိုင်ပွဲအမျိုးအစားအလိုက် သတ်မှတ်ထားသည့် နေရာအသီးသီးတွင် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အနုပညာရပ်အသီးသီးတို့သည် မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ အနုပညာရသဂုဏ်မြောက်စွာဖြင့် ယှဉ်ပြိုင်တင်ဆက်နိုင်ခဲ့သည်။ ပြိုင်ပွဲတွင် "ဝိဓူရ" ဓာတ်တော်ကြီးသည် ပြိုင်ပွဲဝင်များက အခန်းစဉ်အလိုက် မှုရင်းဇာတ်စာ၊ ပျို့လင်္ကာ၊ ရတုနှင့် ဆုံးမစာများ၊ အကအလှများ၊ ဇာတ်လမ်း၏အနှစ်ခံအမြင့်အလိုက် ရှေးရိုးရာပတ်ပျိုး၊ ကြိုး၊ သီချင်းခံတို့ကို ရတု၊ ရကန်၊ လေးဆစ် "အဆိုပညာ"၊ အလွမ်းအဆွေး သရုဝ်ဆောင်ရာတွင် အသုံးချသည့် "အငိုပညာ"နှင့် နားထောင်ရသူစွဲမက်စေမည့် "အပြောပညာ" တို့ဖြင့် ဇာတ်ညွှန်းအတိုင်း ဝါကျအဖြတ်အတောက် မှန်ကန်စွာဖြင့် မြန်မာ့ရိုးရာသဘင်ကျင့်ထုံးများကို မဖောက်ဖျက်ဘဲ တီထွင်ဖန်တီးမှုများနှင့်ပေါင်းစပ်၍ ကပြယှဉ်ပြိုင်ခဲ့ကြသည်။

ဝိဓူရဇာတ်တော်ကြီးသည် ဗုဒ္ဓဝင်ဆယ်ဘွဲ့အနက်မှ နဝမမြောက်ဇာတ်တော်ကြီးဖြစ်ပြီး ဇာတ်တော်ကြီးကို ကိုယ်ကျင့်သိလ ဖြူစင်ဖြောင့်မတ်မှုအပေါ်တွင် အခြေခံသော ပညာ၏အကျိုးကျေးဇူးများကို ရရှိသဘောပေါက်ကြစေရန်၊ သာဓုနရ တရားလေးပါးအကြောင်း သိရှိနားလည် လိုက်နာကျင့်သုံးကြစေရန်၊ လောင်းကစားခြင်း၏ဆိုးပြစ်နှင့် မကောင်းသောအကျိုးဆက်များကို သိရှိရှောင်ရှားနိုင်ကြစေရန်နှင့် ဝိဓူရဇာတ်တော်ကြီးကို ကြည့်ရှုခံစားလျက် သူတော်ကောင်းတရားနှင့် သူတော်ကောင်းဥစ္စာ ခုနစ်ပါးကို ပွားများနိုင်ကြစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကပြယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။ ယနေ့အခမ်းအနားသည် ပြိုင်ပွဲတွင် ထူးချွန်စွာ ယှဉ်ပြိုင်ခဲ့ကြသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းဖြစ်ပြီး မြန်မာ့ရိုးရာအနုပညာကို တန်ဖိုးထားမြတ်နိုးကြသူများ၏ ကြိုးစားအားထုတ်မှုနှင့် မျိုးဆက်သစ်အနုပညာရှင်များ၏ အနာဂတ်မျှော်မှန်းချက်များကို အသိအမှတ်ပြု အားပေးချီးမြှောက်ခြင်းဖြစ်သည်။

ရရှိသည့်ဆုများသည် မိမိတို့၏ ပင်ကိုအရည်အချင်း၊ လေ့ကျင့်အားထုတ်မှုနှင့် ဇွဲလုံ့လများကို ဂုဏ်ပြုအသိအမှတ်ပြုမှုဖြစ်သကဲ့သို့ အနုပညာရပ်များကို ဆက်လက်လေ့လာသင်ယူပြီး မြန်မာ့ယဉ်ကျေးမှုကို မြှင့်တင်နိုင်အောင်၊ ပိုမိုတိုးတက်လာအောင် ကြိုးစားအားထုတ်မှု မှတ်တိုင်တစ်ခုဖြစ်သည်။ အနုပညာလောကတွင် အောင်မြင်မှုသည် ဆုတံဆိပ်ရရှိခြင်းတစ်ခုတည်းဖြင့် တိုင်းတာချီမရဘဲ အနုပညာရပ်ကို နက်နက်ရှိုင်းရှိုင်း နားလည်တတ်မြောက်မှုနှင့် တိုင်းပြည်အတွက်၊ လူမှုအသိုက်အဝန်းအတွက် မည်မျှအကျိုးပြုမှုနှင့်တိုင်းတာရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ၏ မတူကွဲပြားသည့်ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ သို့ဖြစ်ရာ တိုင်းရင်းသားလူမျိုးအသီးသီး၏ အဆို၊ အက၊ အရေး၊ အတီးအနုပညာရပ်များကို လေ့လာဖော်ထုတ်ခြင်း၊ အပြန်အလှန်မျှဝေခြင်းနှင့် တန်ဖိုးထားလေးစားခြင်းတို့သည် ပြည်ထောင်စုကြီးအကျိုးစီးပွားကို ဖော်ဆောင်ပေးမည့် ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုခိုင်မာလာစေရန် အနုပညာစွမ်းပကားဖြင့် တစ်တပ်တစ်အား အထောက်အကူပြုမည်ဖြစ်ပါကြောင်း။ ။

ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင် လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန် အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မိဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲ Mr. Vladislav V. SVIBLOV အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲ Mr. Vladislav V. SVIBLOV တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

✳ ရှေ့ပုံမှ

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးအောင်ကျော်ဟိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Iskander K. AZIZOV နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ်မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား အပြန်အလှန်ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍများ အပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လှုမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှုတို့ကို များစွာအထောက်အကူပြုစေနိုင်မည့် သတ္တုရှာဖွေတူးဖော်ရေးဆိုင်ရာ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေ၊ သတ္တုတူးဖော်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲဖြစ်သူတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

✪ မြန်မာနိုင်ငံမှ

လုပ်ငန်းအသစ်နှစ်ခုကို လည်းကောင်း၊ စက်မှုကဏ္ဍမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်ရှစ်ခုကို လည်းကောင်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍတို့မှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်ခြောက်ခုကို လည်းကောင်း ခွင့်ပြုပေးခဲ့သည်။

အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၈၂၉ သန်းနှင့် ငွေကျပ် ၅၆၄၃၁ ဒသမ ၃၉ သန်းဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၂၃၃၀ ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။



ယနေ့အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် SKD စနစ်ဖြင့် လျှပ်စစ်သုံး နှစ်ဘီး/ သုံးဘီး မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်တပ်ဆင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ရွှေသတ္တု အကြီးစားတူးဖော်ထုတ်လုပ်မှုလုပ်ငန်း၊ ပြည်တွင်း အသားတိုးနွားများအား ခေတ်မီစနစ်ဖြင့် မွေးမြူခြင်း၊ ခေတ်မီမြန်မာအသားတိုးနွားမျိုးခြံ၊ နို့စားနွားမွေးမြူခြင်း၊ နို့ဆီ၊ နို့စိမ်းနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ဖြန့်ချိခြင်းလုပ်ငန်း၊ နို့ပေါင်းစက်လုပ်ငန်း၊ မွေးမြူရေးအစာ ထုတ်လုပ်ခြင်း၊ မြေဩဇာနှင့် ဓာတ်မြေဩဇာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများ၊ မှန်လုံအိမ်စိုက်ပျိုးခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန် သိုလှောင်ရောင်းချခြင်းလုပ်ငန်း၊ ရုံးခန်း အဆောက်အအုံတည်ဆောက်၍ ငှားရမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဆပ်ပြာအမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ မျိုးစေ့အမျိုးမျိုး စိုက်ပျိုးသန့်စင်ရောင်းချခြင်းနှင့် မျိုးစေ့သုတေသန ပြုလုပ်ခြင်းလုပ်ငန်း၊ ပဲနို့ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ဘက်ထရီဆိုးဟောင်း အမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများကို သန့်စင်ကျိုချက် ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းတို့ ပါဝင်သည်။

၂၀၂၆ ခုနှစ် စက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၀၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနှုန့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၀ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၅ ဒသမ ၃၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ပညာရေးသည် လူတစ်ဦးချင်းစီ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတို့နှင့် ချိတ်ဆက်နေပြီး လူတစ်ဦးချင်းစီ၏ ဘဝကိုသာမက မိသားစု တစ်စု၊ လူ့အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခုလုံး၏ အနာဂတ်ကိုပါ ပြုပြင်ပြောင်းလဲစေနိုင်သည့် စွမ်းအားများရှိနေ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီညီစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

နိုင်ငံ့သမိုင်းတွင် မှတ်ကျောက်တင်ခံနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် အစိုးရတစ်ရပ်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အမြဲမပြတ် ရွက်ဆောင်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ပါတီနုံဒီမိုကရေစီစနစ်ကို ကျင့်သုံးကြသည့် နိုင်ငံများအနက် ရွေးကောက်ပွဲတွင်အနိုင်ရရှိပြီး နိုင်ငံကိုဦးဆောင်လျက်ရှိနေသည့် အစိုးရအဖွဲ့များရှိသကဲ့သို့ အားပေးမှုကိုရရှိကြပြီး သမိုင်းကြောင်းတွင်လည်း မှတ်ကျောက်တင်ခံနိုင်ကြသည့် နာမည်ကောင်းများဖြင့် မှတ်တမ်းကျန်ခဲ့ကြကြောင်း၊ ထို့အတူ ရွေးကောက်ပွဲများတွင် ဆွဲဆောင်စည်းရုံးမှုကောင်းစွာဖြင့် အနိုင်ရရှိခဲ့ကြပြီး အမှန်တကယ် နိုင်ငံ့တာဝန်များကို ဦးဆောင်ရသည့် အချိန်တွင် မျှော်မှန်းထားသည့်အတိုင်း ဖြစ်မလာခဲ့သည့်၊ အားရဖွယ်လုပ်ဆောင်ချက်များမရှိဘဲ ပြည်သူတို့၏ လူမှုစီးပွားဘဝများကို ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ပေးနိုင်မှုများမရှိခဲ့သည့် အစိုးရအဖွဲ့များလည်းရှိကြကြောင်း၊ နိုင်ငံ၏ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါကလည်း ၂၀၁၅ ခုနှစ် ပါတီနုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး တက်လာခဲ့သည့် ပါတီနုံဒီမိုရွေးကောက်ပွဲအပေါ် အာရုံစိုက်မှုနှင့် အလေးအနက်ထားမှုများ လျော့ပါးလာခဲ့ကြပြီး No Vote လူပုဂ္ဂိုလ်များမှုများအထိပင် ဖြစ်ပေါ်လာခဲ့ကြောင်း၊ ထိုသို့ဖြစ်ပေါ်ခြင်းသည် ပါတီနုံဒီမိုကရေစီစနစ်ခိုင်မာမှုကို ထိခိုက်စေခြင်းပင်ဖြစ်ကြောင်း၊ ထို့နောက် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ပါတီနုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ထပ်မံအနိုင်ရရှိရေးအတွက် မသမာသောနည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့မှုများကြောင့် ကြီးမားသည့်မဲစာရင်းကွာဟမှုများဖြစ်ပေါ်ခဲ့ပြီး နိုင်ငံ၏ရွေးကောက်ပွဲသမိုင်းတွင် အမည်းစက်တစ်ခုအဖြစ် ထင်ကျန်စေခဲ့ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ အနေဖြင့် နိုင်ငံတကာနှင့် မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ် ဖြစ်ရပ်များကို သင်ခန်းစာယူ၍ တိုင်းပြည်သာယာဝပြော

- **နိုင်ငံ့သမိုင်းတွင် မှတ်ကျောက်တင်ခံနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှနှင့် နိုင်ငံ၏ရေခဲမြေခံကောင်းများ၊ အရင်းအမြစ်များကို မှန်မှန်ကန်ကန်ပေါင်းစပ်အသုံးချ၍ ကြိုးပမ်းဆောင်ရွက်သွားကြရမည်**
- **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ မိရိုးဖလာနည်းလမ်းများကို အသုံးပြုဆောင်ရွက်ခြင်းမှ ဖောက်ထွက်ကာ စဉ်ဆက်မပြတ်ပြောင်းလဲနေသည့် ခေတ်မီနည်းပညာများကို အသုံးပြု၍ သုတေသနပြု လေ့လာသုံးသပ် ပြင်ဆင်ဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း**
- **လုပ်ငန်းများဆောင်ရွက်ကြရာတွင်လည်း အမှန်တကယ်အလုပ်လုပ်ကြရန်နှင့် စွမ်းအားပြည့် အလုပ်လုပ်ကိုင်နိုင်ရေးအတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်လို၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ယခင်ကကြုံတွေ့ခဲ့ရသော စီးပွားရေးနှင့်ပတ်သက်သည့်အခက်အခဲနှင့် သင်ခန်းစာများကို ဆန်းစစ်ဖော်ထုတ်ပြီး သုံးသပ်အဖြေရှာဆောင်ရွက်သွားကြရန်လို**

ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးနိုင်ရေး ပြင်ဆင်နေကြသည့် အစိုးရအဖွဲ့မှာလည်းရှိကြကြောင်း၊ နိုင်ငံတကာနှင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းတွင် ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲဆိုင်ရာများကို လေ့လာကြည့်မည်ဆိုပါက နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ပိုမိုဖော်ဆောင်ပေးနိုင်သည့် အစိုးရအဖွဲ့များ အနေဖြင့်မဲဆွန့်ရှင်ပြည်သူများ၏ထောက်ခံကရေစီ ဒုတိယအစိုးရအဖွဲ့အနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများ မျှော်မှန်းထားသည့် အတိုင်းအတာတစ်ခုအထိ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို အမှန်တကယ်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မှုမရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

ထိုသို့ဖြစ်ပေါ်ခဲ့မှုကြောင့် ပြည်သူများအနေဖြင့် အာဏာရအစိုးရနှင့် ရွေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးတည်ချက်ထား၍ အမြဲမပြတ်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ **နိုင်ငံ့သမိုင်းတွင် မှတ်ကျောက်တင်ခံနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှနှင့် နိုင်ငံ၏ရေခဲမြေခံကောင်းများ၊ အရင်းအမြစ်များကို မှန်မှန်ကန်ကန် ပေါင်းစပ်အသုံးချ၍ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။**

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စီးပွားရေးလုပ်ငန်းများနှင့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲသည့် စီးပွားရေးလုပ်ငန်းများကို ရေးအစဉ်အဆက်ကတည်းက ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ကြောင်း၊ **စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်ရာ၌ မိရိုးဖလာနည်းလမ်းများကို အသုံးပြုဆောင်ရွက်ခြင်းမှ ဖောက်ထွက်ကာ စဉ်ဆက်မပြတ် ပြောင်းလဲနေသည့် ခေတ်မီနည်းပညာများကို အသုံးပြု၍ သုတေသနပြု လေ့လာသုံးသပ်ပြင်ဆင် ဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ကြရာတွင်လည်း အမှန်တကယ်အလုပ်လုပ်ကြရန်နှင့် စွမ်းအားပြည့် အလုပ်လုပ်ကိုင်နိုင်ရေးအတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊** လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် သွင်းအားစုများကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် လိုကြောင်း၊ အမှန်တကယ်အလုပ်လုပ်ကြမည်ဆိုပါက ထုတ်ကုန်ပစ္စည်းများရရှိလာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ပြည်ပသွင်းကုန်များကိုလျှော့ချနိုင်ကာ ပြည်ပပို့ကုန်များကို တိုးမြှင့်ရရှိလာမည်ဖြစ်သဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများ၊ သယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲသည့် လုပ်ငန်းများအပြင် ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုဖြစ်သည့် အထည်ချုပ်လုပ်ငန်း(CMP) ဆောင်ရွက်ကြသည်များလည်း ရှိပြီး ယင်းလုပ်ငန်းသည် ပြည်ပရင်းနှီးမြှုပ်နှံမှုများရှိမှသာလျှင် ဆောင်ရွက်၍ရသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ CMP လုပ်ငန်းများ၌ လုပ်ကိုင်ဆောင်ရွက်နေကြသူများ အများအပြားရှိကြသဖြင့် လုပ်ငန်း ဆောင်ရွက်မှုများ အဆင်ပြေချောမွေ့မှုရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များအနေဖြင့် လိုအပ်သည်များ စိစစ်ဖြည့်ဆည်းအားပေး ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး **နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ယခင်က ကြုံတွေ့ခဲ့ရသော စီးပွားရေးနှင့် ပတ်သက်သည့် အခက်အခဲနှင့် သင်ခန်းစာများကို ဆန်းစစ်ဖော်ထုတ်ပြီး သုံးသပ်အဖြေရှာ ဆောင်ရွက်သွားကြရန်လို** ကြောင်း၊ နိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများမှ တန်ဖိုးဖြင့် ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ရရှိရေး၊ ပြည်ပပို့ကုန်များတိုးမြှင့်ရရှိရေးနှင့် မိမိတို့နိုင်ငံ၏ထုတ်ကုန်များ ဈေးကွက်ရရှိရေးတို့ အတွက် အစိုးရ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ အားလုံးလက်တွဲညီညီဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ကုန်ဈေးနှုန်းကြီးမြင့်မှုများ၊ စက်သုံးဆီနှင့်စားသုံးဆီများ နှစ်စဉ် အများအပြား တင်သွင်းနေရမှုများ၌ငွေကြေးတန်ဖိုးမတည်ငြိမ်မှုများကိုလည်း အဖြေရှာ၍ ဖြေရှင်းပေးကြရမည်ဖြစ်ကြောင်း။

ပညာတတ် လူသားအရင်းအမြစ်များဖြင့်သာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်မည်

ပညာတတ်လူသား အရင်းအမြစ်များဖြင့်သာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် နိုင်ငံ၏ အနာဂတ်ကို စဉ်းစားဆောင်ရွက်ရာတွင် ရေရှည်အကျိုးစီးပွားအတွက် ကိုကြည့်၍ စနစ်တကျဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် ပတ်သက်သည့် ပညာတတ်လူသား အရင်းအမြစ်များ များစွာပေါ်ထွက်လာစေရေးအတွက်လည်း **စာမျက်နှာ ၅ သို့ ☺**

❖ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်တိရစ္ဆာန်အစာများကို စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များ၊ စွန့်ပစ်ပစ္စည်းများဖြင့် ဆောင်ရွက်နိုင်သော်လည်း မွေးမြူရေးလုပ်ငန်းများ တိုးတက်မှုအားနည်းနေဆဲဖြစ်သဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လို

❂ စာမျက်နှာ ၄ မှ

မိမိတို့အနေဖြင့် စီးပွားရေးပညာရပ်ကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသား ၉၂ သန်းခန့်သည် အခြေခံအရေးအဖတ်အတွက် ရရှိပြီးသူများဖြစ်ပြီး တွက်ချက်နိုင်မှုနှုန်းပတ်သက်၍ ကောင်းမွန်ပြီးသားသူများ ဖြစ်သည်ကို တွေ့ရကြောင်း၊ စီးပွားရေးကောင်းမွန်စေရေးအတွက် တွက်ချက်ဆောင်ရွက်၍ ရသည်များရှိကြောင်း၊ **နိုင်ငံ့ပညာရေးအားကောင်းမှုတစ်ဆင့် အရည်အသွေးမြင့်လုပ်သားအင်အား လူစွမ်းအားအရင်းအမြစ်ကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် ထုတ်လုပ်မှုစွမ်းရည် မြင့်မားလာမည်ဖြစ်သည့်အတွက် ပို့ကုန်ကဏ္ဍနှင့် နိုင်ငံ၏ ဂျီဒီပီကိုလည်း တိုးတက်လာစေမည်ဖြစ်**ကြောင်း၊ ပညာရေးအဆင့်မြင့်မားခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းကို တိုက်ရိုက်အကျိုးပြုပြီး ဖွံ့ဖြိုးတိုးတက်မှုအထိပါ သက်ရောက်မှုအား ကြီးမားသည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးပညာရေးကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် အသက် ၂၅ နှစ်အထက် အလယ်တန်းပညာ ပြီးဆုံးသူ ရှစ်သန်းခန့် ရှိပြီး ၎င်းတို့အနက် အလုပ်လုပ်နိုင်သူများအတွက် အလုပ်အကိုင်ရရှိနိုင်ရေး၊ လူမှုနေရာမှန် အကျိုးရှိရှိအသုံးချနိုင်ရေးတို့အတွက် အစိုးရဝန်ကြီးဌာနများက အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးသွားရန်လိုကြောင်း။

ထို့ပြင် အမျိုးသမီးများ၏ အခန်းကဏ္ဍကိုလည်း မြှင့်တင်ဆောင်ရွက်သွားနိုင်ရန် လိုပြီး နိုင်ငံတော်အတွက် လိုအပ်သည့် ကုန်ထုတ်လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နိုင်ရေးစီမံဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုအားများလည်း ရရှိလာနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသည့် လူလတ်ပိုင်းအရွယ်များ၏ အားကို နိုင်ငံ့ကုန်ထုတ်လုပ်ငန်းများတွင် မှန်မှန်ကန်ကန်နှင့် အကျိုးရှိရှိ အသုံးချနိုင်ရေး စီမံဆောင်ရွက်ပေးသွားကြရမည် ဖြစ်ကြောင်း။

စီးပွားရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိသော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထိုက်သင့်သည့်တိုးတက်မှုများ ရရှိရန် လိုအပ်နေဆဲဖြစ်သည်ကို တွေ့ရှိရကြောင်း၊ **မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစာများကို စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များ၊ စွန့်ပစ်ပစ္စည်းများဖြင့် ဆောင်ရွက်နိုင်သော်လည်း မွေးမြူရေးလုပ်ငန်းများတိုးတက်မှုအားနည်းနေဆဲဖြစ်သဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လို**ကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများတိုးတက်စေရေးအတွက် နိုင်ငံတော်မှလည်း လိုအပ်သည့် ရင်းနှီးမတည်ငြိုးငွေများကို ထုတ်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးတက်ရရှိမှသာလျှင် ပြည်တွင်းစားသုံးမှုကို ဖူလုံစေမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုများကို လည်း လျော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းဖူလုံမှုရရှိအောင် ဆောင်ရွက်ပြီးပါက ပြည်ပသို့တင်ပို့ရောင်းချနိုင်မည့် ဈေးကွက်လိုအပ်ချက် ကြီးမားသည့် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်း နိုင်ငံများ အများအပြားရှိပြီးဖြစ်ကြောင်း၊ ဈေးကွက်ရရှိရေးနှင့် ဈေးကွက်လိုအပ်ချက် ပြည့်မီအောင် ထုတ်လုပ်တင်ပို့နိုင်ရေး စနစ်တကျဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများနှင့် စပ်လျဉ်း၍ နယ်စပ်ကုန်သွယ်မှုများတွင် အချို့သောနယ်စပ်ဒေသများ၌ တရားမဝင် ကုန်သွယ်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် တရားမဝင်လမ်းကြောင်းများမှ ကုန်သွယ်မှုများမရှိစေရေး မိမိတို့အနေဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်မှုများသည် ရာနှုန်းပြည့် အားကိုး၍ မရကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အာဂများ မရရှိသည့်အပြင် နိုင်ငံသားများအနေဖြင့်လည်း အရည်အသွေးပြည့်မီမှုမရှိသည့်၊ အာမခံချက်မရှိသည့် ပစ္စည်းများကို သုံးစွဲကြရနိုင်ကြောင်း၊ ထို့အပြင် တရားမဝင်လမ်းကြောင်းများရှိ လက်နက်ကိုင် အကြမ်းဖက် သောင်းကျန်းသူများကို ငွေကြေးပေး၍ သွားလာသယ်ဆောင်နေကြသည်ဖြစ်သည့်အတွက် သူခိုးဓားရိုးကမ်း သကဲ့သို့ဖြစ်နေပြီး ရရှိသည့်ငွေကြေးများဖြင့် ၎င်းတို့၏အင်အားများကို တိုးချဲ့ တည်ဆောက်နေနိုင်ကြခြင်းသည် သွားရန် တာဝန်ရှိသည့် အဖွဲ့အစည်းများ အနေဖြင့်လည်း ပြည်သူများလုံခြုံစိတ်ချစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး မိမိတို့ကဏ္ဍအလိုက် ကျေပွန်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

ဖြည့်စွက်မှာကြားလိုသည်မှာ **နိုင်ငံ့အနာဂတ်ကို ပုံဖော်တည်ဆောက်ကြမည့် လူငယ်လူရွယ်များ၏ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်များကိုလည်း မြှင့်တင်ဆောင်ရွက်ပေးသွားကြရန်လို**ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေး ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ယဉ်ကျေးမှုပြတိုက်များသို့ ပို့ဆောင်ပြသခြင်းများ ဆောင်ရွက် ပေးသွားရန်လိုပြီး တတိုနိုင်ပါက ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့ရှိ ပြတိုက် များသို့ ပို့ဆောင်ပြသခြင်းများကိုလည်း ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ယဉ်ကျေးမှုပြတိုက်၊ အမျိုးသားပြတိုက်၊ စစ်သမိုင်းပြတိုက်များသို့ လူငယ်လူရွယ် များ လာရောက်လည်ပတ်လေ့လာကြခြင်းဖြင့် မိမိတို့နိုင်ငံနှင့် လူမျိုးတို့၏ သမိုင်းကြောင်းအစဉ်အလာ၊ အမျိုးသားရေးလက္ခဏာ (National Identity)၊ အမျိုးဂုဏ်၊ ဓာတိဂုဏ်နှင့် ဘာသာသာသနာ၊ ယဉ်ကျေးမှုတို့၏ ကြီးမြတ်သည့် ရိုးရာတန်ဖိုးများကို ပိုမိုနားလည် သဘောပေါက် သိရှိလာမည်ဖြစ်ပြီး ပညာရေးကို အထူးအလေးထား၍ **အနာဂတ်နိုင်ငံတော်ကို တည်ဆောက်**

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ လူသားအရင်းအမြစ်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အဆင့်မြင့်ပညာတတ်မြောက်သူ ဦးရေရာခိုင်နှုန်းနှင့် မူလတန်းပညာအဆင့် ၌သာ ရှိသု၊ လုံးဝပညာမသင်ဖူးသူ ဦးရေ ရာခိုင်နှုန်းမှာ ကွာခြားချက်များ ကြီးမား လျက်ရှိသည်ကို တွေ့မြင်ရကြောင်း၊ ထိုသို့သော ကွာခြားချက်ကြီးမားမှုကို လျော့ချနိုင်ရေး မိမိတို့အနေဖြင့် လက်ရှိ အချိန်တွင် နိုင်ငံတော်၏ အနိမ့်ဆုံးပညာရေး ရည်မှန်းချက်အဖြစ် KG+9 အထိမသင် မနေရပညာရေးစနစ်ကို ချမှတ်ထားပြီး ပညာတတ်လူစွမ်းအား အရင်းအမြစ် ကောင်းများ ပေါ်ထွက်လာအောင် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ **ပညာရေးသည် လူတစ်ဦးချင်းစီ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတို့နှင့် ချိတ်ဆက်နေပြီး လူတစ်ဦးချင်းစီ၏ဘဝကိုသာမက မိသားစုတစ်စု၊ လူအဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခုလုံး၏ အနာဂတ်ကိုပါ ပြုပြင်ပြောင်းလဲစေနိုင်သည့် စွမ်းအားများရှိနေ**ကြောင်း။

ပညာရေး ကွာဟချက်များကြောင့် လူနေမှုအဆင့်အတန်းများသည်လည်း ကွာဟချက်များရှိလာပြီး မြို့ပြနှင့် ကျေးလက်များ၌ ကွာဟချက်များရှိနေဆဲ ဖြစ်သည်ကို တွေ့မြင်ရကြောင်း၊ ပြည်သူများ၏ အလုပ်အကိုင်ရရှိရေးနှင့်ပညာရေး တို့တွင် လူနည်းစု အလုပ်မီခြင်းထက် လူများစုအလုပ်မီစေရေး ဆောင်ရွက် ပေးကြရန် လိုကြောင်း၊ လူများစု လက်လုပ်မီစေရေးအတွက် တစ်ဦးချင်းဝင်ငွေ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက် သွားကြရန်လိုကြောင်း၊ သို့ဖြစ်၍ အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို ပုံဖော်တည်ဆောက် နိုင်ရေး၊ လူနေမှုအဆင့်အတန်းကွာဟမှုကို လျော့ချနိုင်ရေး ပညာရေးကိုအလေးထား ပြုပြင်တည်ဆောက် ပေးသွားကြရမည် ဖြစ်ကြောင်း။

အားကစားကဏ္ဍမြှင့်တင်ရေး

ပညာရေးကဏ္ဍ မြှင့်တင်မှုနှင့်အတူ အားကစားကဏ္ဍမြှင့်တင်ရေးကိုလည်း မိမိတို့အနေဖြင့် ဆောင်ရွက်ပေးသွားကြ ရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်၌ နိုင်ငံတကာနှင့် ဒေသတွင်း အားကစား ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် မိမိတို့နိုင်ငံအနေဖြင့် အောင်မြင်မှုများ နည်းပါးလျက်ရှိကြောင်း၊ နိုင်ငံ၏ အားကစားသမိုင်းကို လေ့လာကြည့်မည် ဆိုပါက ၁၉၇၀ ပြည့်နှစ်ဝန်းကျင်တွင် အောင်မြင်မှုများစွာရရှိခဲ့ပြီး အရှိန်အဝါ ကြီးမားခဲ့သည့် အားကစားအဆင့်အတန်း ကို ပိုင်ဆိုင်ခဲ့ကြသည်ကို တွေ့မြင်ရမည် ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့ အဓိကရုအနေဖြင့် အားကစားနှင့်ပတ်သက်၍ အားကစားကွင်းများ၊ အထောက်အကူပြု ပစ္စည်းများကို အဆင့်မြှင့်တင်ဖြည့်ဆည်း ပေးခြင်းများ ဆောင်ရွက်ပေးလျက် ရှိသကဲ့သို့ ပြိုင်ပွဲများ၌ အောင်မြင်မှု ရရှိခဲ့ကြသူများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်မှုများ ဆောင်ရွက်ပေးလျက်ရှိ ကြောင်း၊ အားကစားသမားများအနေဖြင့် လည်း တစ်ဦးချင်းကြံ့ခိုင်မှုကောင်းမွန် စေရေး၊ ခံနိုင်ရည်အားကောင်းမွန်စေရေး၊ အားကစားနည်းများအလိုက် ကျွမ်းကျင် ပိုင်နိုင်မှုရှိစေရေး အမြဲမပြတ်စနစ်တကျ လေ့ကျင့် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အားကစားနည်းအလိုက် နည်းစနစ်နည်းပြနှင့် ကြံ့ခိုင်ရေး နည်းပြ များ မဖြစ်မနေထားရှိသွားရန်လည်း မိမိအနေဖြင့် ပြောကြားထားပြီးဖြစ် ကြောင်း။

နိုင်ငံ၏ အားကစားကဏ္ဍမြှင့်တင်ရေး ကို လေ့ကျင့်ရေးဖြင့်ပြန်လည်တည်ဆောက် သွားကြရန်လိုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း ပိုင်းဝန်း ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အားကစားကွင်းများနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် များအလိုက် အားကစားကွင်းများအဆင့် မြှင့်တင်ဆောင်ရွက်ရာတွင်လည်း ခေတ်နှင့် လျော်ညီသည့် အားကစားကွင်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိ ကြောင်း၊ တိုင်းဒေသကြီးအဆင့်၊ ပြည်နယ် အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်အလိုက် အားကစားကွင်းများကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးလျက် ရှိသည့်နည်းတူ အားကစားကွင်းများ စနစ်တကျဖြစ်စေ ရေးအတွက်လည်း တာဝန်ရှိသူများက ထိန်းသိမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ အားကစားယှဉ်ပြိုင်မှုများကို အားပေး သည့် ပြည်သူများအနေဖြင့်လည်း စည်းကမ်းစနစ်တကျဖြင့် အားပေးကြရန် လိုကြောင်း။

မကြာမီကာလအတွင်း ဆောင်းရာသီသို့ ရောက်ရှိလာတော့မည်ဖြစ်ပြီး အားကစားပြိုင်ပွဲများကို တိုင်းဒေသကြီး နှင့် ပြည်နယ်များအလိုက်၊ ဝန်ကြီးဌာန များအလိုက်၊ စာသင်ကျောင်းများ အလိုက်၊ ကျေးလက်ဒေသအလိုက်၊ ပကာသနမဖက်ဘဲ လူထုလှုပ်ရှားမှုဖြင့် စနစ်တကျကျင်းပပြုလုပ် ဆောင်ရွက် သွားကြရန်လိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

❖ ပညာတတ်လူသားအရင်းအမြစ်များဖြင့်သာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် နိုင်ငံ၏အနာဂတ်ကို စဉ်းစားဆောင်ရွက်ရာတွင် ရေရှည်အကျိုးစီးပွားအတွက်ကြည့်၍ စနစ်တကျဆောင်ရွက်သွားကြရမည်

❖ နိုင်ငံ့ပညာရေးအားကောင်းမှုမှတစ်ဆင့် အရည်အသွေးမြင့်လုပ်သားအင်အား လူစွမ်းအားအရင်းအမြစ်ကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် ထုတ်လုပ်မှုစွမ်းရည်မြင့်မားလာမည်ဖြစ်သည့်အတွက် ပို့ကုန်ကဏ္ဍနှင့် နိုင်ငံ၏ဂျီဒီပီကိုလည်း တိုးတက်လာစေမည်

❖ နိုင်ငံ့အနာဂတ်ကို ပုံဖော်တည်ဆောက်ကြမည့် လူငယ်လူရွယ်များ၏ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်များကိုလည်း မြှင့်တင်ဆောင်ရွက်ပေးသွားကြရန်လို

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လှိုင်သာယာမြို့နယ်(အရှေ့ပိုင်း)မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် လှိုင်သာယာမြို့နယ်(အရှေ့ပိုင်း)မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်လေ့လာသူများအား ယနေ့ မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်(C)ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ဒီမိုကရေစီစနစ်အရ ရွေးကောက်ပွဲများကျင်းပပြီးနောက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင် ပေါ်ပေါက်လာမှုအခြေအနေများ၊ အဆိုပါမဏ္ဍိုင်များအနေဖြင့် တစ်ခုနှင့်တစ်ခု အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေသည့် အခြေအနေများ၊ လွှတ်တော်များ၏ အဓိကတာဝန်ကြီး (၃) ရပ်ဖြစ်သည့် ဥပဒေပြုခြင်း၊ အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ပြည်သူကို ကိုယ်စားပြုခြင်း



ကိစ္စရပ်များ၊ တတိယအကြိမ်လွှတ်တော်သက်တမ်း စတင်သည့်အချိန်မှ ယနေ့အချိန်အထိ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေအသစ် ပြဋ္ဌာန်းနိုင်ခဲ့ခြင်းနှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေများအား ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများ၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ဒေသအခက်အခဲများနှင့် လိုအပ်ချက်များကို သက်ဆိုင်ရာကိုယ်စားလှယ်များမှတစ်ဆင့် တင်ပြဆောင်ရွက်နိုင်သည့်အခြေအနေများ၊ ဥပဒေပြုရေးမဏ္ဍိုင်သည် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြည်သူများ၏ လိုအပ်ချက်များကို လွှတ်တော်က ဆောင်ရွက်ပေးနေမှုများနှင့်စပ်လျဉ်း၍ လက်တွေ့လေ့လာသိရှိခဲ့မှုများကို မိမိတို့ဒေသရှိ ပြည်သူများသိရှိစေရန် ပြန်လည်မျှဝေပေးနိုင်ရေး အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အသေးစိတ်ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ လှိုင်သာယာမြို့နယ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးချမ်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးမျိုးကျော်သူ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများ ကြည့်ရှုစစ်ဆေး



ရန်ကုန် အောက်တိုဘာ ၂၈

ဧရာဝတီ တိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားစေရေးအတွက် ပုဗ္ဗိမ်မြို့ရှိ အဆင့်မြင့်ရေကူးကန်၊ ကိုးသိန်း အားကစားကွင်းရှိ ဘောလုံးကွင်း၊ ဘိလိယက်နှင့် စနူကာအားကစားရုံနှင့် ဖူဆယ် အားကစားရုံတို့ကို ယနေ့နံနက် ပိုင်းက အားကစားရေးရာဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူ သည် လိုက်လံကြည့်ရှုစစ်ဆေးပြီး ရေကူး မျိုးဆက်သစ်အားကစား သမားများ ပေါ်ထွက်လာစေရေး အတွက် ရေကူးသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက် သွားရန်နှင့် အားကစားကွင်း/ အားကစားရုံများ ရေရှည်တည်တံ့ စေရေးတို့အတွက် ထိန်းသိမ်း ဆောင်ရွက်သွားရန် တာဝန်ရှိသူ များအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ကျူပျော်မြို့သို့ ရောက်ရှိပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် အတွင်း ပွဲကြည့်စင်အသစ် ပြန်လည် တည်ဆောက်နိုင်ရေး၊ ဘောလုံးကွင်း မြက်ခင်းများ စိမ်းလန်းစိုပြည်စေရေး၊ ဂိုးတိုင်နှင့် ဂိုးပိုက်များကို စနစ်တကျတပ်ဆင် ထားရှိပြီး အမြဲတမ်းသစ်လွင် တောက်ပစေရေးတို့အတွက် ထုံး၊ ကော်ရည်နှင့် ဆေးဖြူများ သုတ် သွားရန် တာဝန်ရှိသူများအား မှာကြားပြီး ဟသံတမြို့သို့ သွားရောက်၍ အေးမြသာယာ ပြည်သူ့အားကစားကွင်း၊ မိုးလုံ လေလုံ အားကစားခန်းမ၊ မြို့နယ် အားကစားကွင်းတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးကာ အားကစား ကွင်း အဆင့်မြှင့်တင်တည်ဆောက် တိုးချဲ့နိုင်ရေးနှင့် ပွဲကြည့်စင်များ အဆင့်မြင့် တည်ဆောက်နိုင်ရေး တို့အတွက် စီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လိုအပ်သည် များ မှာကြားသည်။

ထို့ပြင် ဧလွန်မြို့ မြို့နယ် အားကစားပြိုင်ပွဲရုံကို လည်း ကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အောင်မြေသာယာကွင်း ကိုလည်းကောင်း၊ ရွှေပြည်သာ မြို့နယ်ရှိ စက်မှုဇုန်ကွင်းကိုလည်း ကောင်း သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဘောလုံးကွင်းနှင့် ပွဲကြည့်စင်များ အဆင့်မြှင့်တင် တည်ဆောက်ခြင်းများ၊ ပြန်လည် ပြုပြင် တည်ဆောက်ခြင်းများ ဆောင်ရွက်နိုင်ရေးအတွက် စီမံ ဆောင်ရွက်သွားရန် တာဝန်ရှိသူ များအား လိုအပ်သည်များ မှာကြား ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ကချင်ပြည်နယ် ချီဖွေမြို့နယ် ပန်ဝါမြို့ ချုန်းမောအိမ်ရာ (၁၇)၊ အမှတ် (၃) ရပ်ကွက်တွင် ပါတီရုံးချုပ်တည်ရှိသော **ဒီမိုကရေစီပါတီသစ် (ကချင်)ပါတီ [New Democracy Party (Kachin)] [N.D.P (Kachin)]** သည် ယင်းပါတီ၏အမည်ကို **ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)** ဟု အမည်ပြောင်းလဲခွင့်ပြုပါရန်နှင့် ပါတီ၏ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းသို့ တင်ပြလျှောက်ထားလာသည့် **ကချင်ပြည်နယ် ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)** ဟူသည့် အမည်နှင့် ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီ၏ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)၏ အလံပုံစံ



ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❍ ပွင့်ဖြူမြို့နယ်မှ

"မိုးသီးနုံတွေ သိမ်းဆည်းတာနဲ့ပတ်သက်ပြီး အထွက်နှုန်းတွေ လျော့နည်းမှု မဖြစ်စေရေးအတွက် စနစ်တကျသိမ်းဆည်းကြဖို့၊ အရည်အသွေးကောင်းတဲ့ သီးနုံတွေ ရရှိဖို့၊ အမိုးအကာအောက်မှာ စနစ်တကျသိမ်းဆည်းနိုင်ဖို့အတွက် ဒေသခံတောင်သူတွေကိုလည်း အချိန်မီ သီးနုံရိတ်သိမ်းနည်းပညာတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ရိတ်သိမ်းပြီးစီးသည့် မိုးသီးနုံစုံ ၄၉၃၈၁ ဧကတွင် ပဲတီစိမ်း ၆၇၇၅ ဧက၊ ဖူးစားပြောင်းဧက ၂၇၈၀၊ မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနုံ ၃၁၉၀၇ ဧက၊ ငရုတ် ၅၆၁ ဧက၊ အခြားစားသုံးသီးပင် ၁၆၉၇ ဧက၊ ကျွန်းဘတိရစ္ဆာန်အစာ ၅၆၆၁ ဧကတို့ ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ အထွက်နှုန်းအနေဖြင့် ပဲတီစိမ်းတစ်ဧကလျှင် ၁၉ ဒသမ ၄၅ တင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် အဖူး ၁၄၃၅၀၊ မြေပဲ ၅၅ ဒသမ ၀၅ တင်း၊ နှမ်းတင်း ၉ ဒသမ ၅၀၊ နေကြာတင်း ၁၉ ဒသမ ၄၀၊ ငရုတ် ၇၂၅ ပိဿာ၊ အုန်းအလုံး ၄၂၀၀၊ ၄က်ပျောခိုင် ၁၄၅၀၊ သစ်သီးပင်အလုံး ၁၄၅၀၀၊ ဟင်းသီးဟင်းရွက် ၃၅၄၅ ပိဿာ၊ ကျွန်းဘစာအထုံး ၂၃၆၀ တို့ ထွက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် ရာသီအလိုက် သီးနှံစိုက်ပျိုးရာတွင် အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သော ကြောင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့၊ စိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၈

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်းများအဆင့်မြှင့်တင်ပေးနိုင်ရေး၊ မြို့ရွာဝင်လမ်းဖောက်လုပ်ပေးနိုင်ရေး၊ မီးရထားပြေးဆွဲပေးနိုင်ရေး၊ သက်တမ်းလွန်မော်တော်ယာဉ်/ဆိုင်ကယ်များအား မှတ်ပုံတင်ခွင့်ပြုနိုင်ရေး၊ လျှပ်စစ်ဓာတ်အားပေးမီးစက် ပုံပိုးပေးနိုင်ရေး၊ တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာသစ်တည်ဆောက်ပေးနိုင်ရေး၊ လက်ထောက်ဆရာဝန် (အထူးကု) တာဝန်ချထားပေးနိုင်ရေး၊ ကျောက်စိမ်ကွန်ကရစ်ရေသွယ်မြောင်းနှင့် ကျောက်စီမြေထိန်းနံရံပြုလုပ်ပေးရန်တို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၅ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခုဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ လေရှိုးမဲဆန္ဒနယ်မှ ဦးဗိုးဆန်း၏ **လေရှိုး-ပန်ဆပ်-ဆွမ္မရာလမ်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ထမံသီ-လေရှိုး-ပန်ဆပ်-ဆွမ္မရာလမ်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် လေရှိုးမြို့နယ်အတွင်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း ၁ ဒသမ ၅ ဖာလုံ၊ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း၊ တံတားချဉ်းကပ်လမ်းနေရာအား ကျောက်တောင်မိုင်းခွဲလမ်းခွဲ၍ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း၊ ကျောက်စီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်းတံတားတစ်စင်းတည်ဆောက်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါကြောင်း။

ထိုပြင် ထမံသီ-လေရှိုး-ပန်ဆပ်-ဆွမ္မရာလမ်း၏ လေရှိုးနှင့် ဆွမ္မရာအကြား ရာသီမရွေးသွားလာနိုင်ရေး လမ်းအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှ ၂၀၃၁-၂၀၃၂ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ် စီမံချက်ရေးဆွဲထားပြီး နှစ်စဉ် ဘဏ္ဍာနှစ်အလိုက် လမ်းပျက်စီးမှုများပြားသောနေရာများတွင် လမ်းချောမွေ့စွာသွားလာနိုင်ရေး ပြုပြင်ထိန်းသိမ်းခြင်း၊ လမ်းအတက်အဆင်း မတ်စောက်သောနေရာများတွင် ကွန်ကရစ်လမ်းခင်းခြင်း၊ လိုအပ်သောနေရာများတွင် ကျောက်စီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ် ကြမ်းခင်းတံတားများ တည်ဆောက်ခြင်း၊ ကျောက်စီရေမြောင်းနှင့်မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများအား ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **မင်းလှမြို့နယ် သဲကောရွာမှ ထန်းပင်ကုန်းတံတားအထိ ပျက်စီးနေသောလမ်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အဆိုပါလမ်းပိုင်းသည် မင်းလှမြို့နယ်နှင့် မိုးညှိမြို့နယ်တို့အား ဆက်သွယ်ထားသည့် ၁၇ မိုင် ၁ ဖာလုံအရှည်ရှိသော ရှမ်းတောမင်းလှ-အင်းဘုတ်ကုန်း-မိုးညှိလမ်း၏ အစိတ်အပိုင်းဖြစ်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် သဲကောရွာမှ ထန်းပင်ကုန်းရွာအထိ လမ်းပိုင်း၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း ၁ ဖာလုံ၊ အနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၂ ဖာလုံ လုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ သဲကောရွာအနောက်ထိပ်မှ ထန်းပင်ကုန်းတံတားအထိ လမ်းပိုင်းတွင် ပျက်စီးမှုဖြစ်ပေါ်နေသော နေရာများအား သွားလာမှုအဆင်ပြေချောမွေ့စေရန် လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နှစ်အလိုက်ရန်ပုံငွေ လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ကျင်းပစဉ်။

ပိုင်းမော်မဲဆန္ဒနယ်မှ ဦးကျော်ကျော်အောင်၏ **ဗဟမင်းထင် တံတားအဆင်းမှ ပိုင်းမော်မြို့နယ် နောင်တာလောရွာအထိ လမ်းအား နိုင်လွန်ကတ္တရာသို့မဟုတ် ကတ္တရာထပ်ပိုးလွှာခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ပိုင်းမော်မြို့နယ်အတွင်းရှိနောင်တာလောကျေးရွာမှ ဗဟမင်းထင်တံတားအဆင်းအထိ လမ်းအရှည် ၃ မိုင် ၄ ဖာလုံလမ်းပိုင်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ၃ ဖာလုံအား ကတ္တရာကွန်ကရစ်လမ်းခင်းခြင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ၂ ဖာလုံနှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်တွင် ၂ မိုင် ၆ ဖာလုံ ကတ္တရာကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ရန် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သန်း၏ **ကျောက်ဆည်မြို့နှင့် ဆက်သွယ်သောလမ်းရွေ့ဒေး-သပြေဝန်းလမ်းပိုင်းအား မည်သည့်ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကျောက်ဆည်မြို့နယ်အတွင်းရှိ အရှေ့ငယ်တိုး ကျေးရွာ၊ ရွှေဒါးကျေးရွာ၊ သပြေဝန်းကျေးရွာတို့မှ ခရိုင်ချင်းဆက်လမ်းအမှတ်(၂)သို့ ဆက်သွယ်သွားလာနိုင်သည့် အဆိုပါလမ်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် မူလကျောက်လမ်းအရှည် ၇ ဖာလုံအား ကတ္တရာခင်းခြင်း၊ ပျက်စီးနေသော ကျောက်လမ်းအရှည် ၄ ဖာလုံအား ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်း၊ ကျန်လမ်းပိုင်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို နှစ်အလိုက် ဆက်လက်လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းလင်း၏ **ကျိုင်းတောင်း-ဆိုင်ခေါင်လမ်းပိုင်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် စတင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကျိုင်းတောင်း-ဆိုင်းခေါင်လမ်းပိုင်း အရှည် ၂၅ မိုင်သည် တစ်ကြောင်းထိုး မြေသားလမ်းအဆင့်သာရှိပြီး နယ်မြေအခြေအနေအရ သွားလာရန်ခက်ခဲခြင်းတို့ကြောင့် ခရီးသွားလာမှုမရှိသလောက် နည်းပါးပါကြောင်း၊ အဆိုပါ မြေသားလမ်းပိုင်းအား သတ်မှတ်လမ်းအကျယ်ရရှိစေရန် ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်မှစတင်၍ မြေသားတာပေါင်ချဲခြင်း၊ လိုအပ်သောနေရာများတွင် တံတား/ရေငြွှန်များ တည်ဆောက်ခြင်း၊ မြေလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်သို့ အဆင့်ဆင့်တိုးမြှင့်တည်ဆောက်ပေးနိုင်ရန် နှစ်အလိုက် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပင်တယမဲဆန္ဒနယ်မှ ဦးဝင်းဇော်၏ **ပင်တယ မြို့ရွာင်လမ်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဖောက်လုပ်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ပင်တယ မြို့ရွာင်လမ်းဖောက်လုပ်မည်ဆိုပါက လမ်းအုကြောင်းရှာဖွေခြင်း၊ ဒီဇိုင်းတိုင်းတာ ပုံထုတ်ခြင်း၊ စီမံကိန်းတန်ဖိုးတွက်ချက်ခြင်းနှင့် ခွင့်ပြုချက်တင်ပြတောင်းခံခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သတ်မှတ်လမ်းနယ်နိမိတ်အကျယ်ရရှိနိုင်မှု ရှိ၊ မရှိ၊ မြေယာပိုင်ဆိုင်မှုနှင့် မြေယာလျော်ကြေးကိစ္စများအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့်အတူ ကွင်းဆင်းစစ်ဆေး၍ ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မြို့ရွာဝင်လမ်းဖောက်လုပ်နိုင်ရေးအတွက် ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် ထိခိုက်နစ်နာဆုံးရှုံးမှုများ၊ ဖောက်လုပ်မည့် ကုန်ကျစရိတ်များ စသည့် အချက်အလက်များကို တွက်ချက် စဉ်းစားသုံးသပ်ပြီး မှသာလျှင် ဆောင်ရွက်ရမည် ဖြစ်ပါသဖြင့် လတ်တလောတွင် ပင်တယမြို့ရွာင်လမ်း ဖောက်လုပ်ရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မချမ်းဘောမဲဆန္ဒနယ်မှ ဦးငွေးရဲဆဲ၏ **မချမ်းဘောမြို့တွင်း လမ်းပိုင်းအား မည်သည့်ဘဏ္ဍာနှစ်တွင် တိုးချဲ့ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မချမ်းဘောမြို့တွင်းလမ်း၏ ကတ္တရာလမ်း ၃ မိုင်တွင် ၁၈ ပေ အကျယ်လမ်းချဲ့ပြီး ၆ ဖာလုံရှိပါကြောင်း၊ ၁၈ ပေ အကျယ်ချဲ့ရန် ကျန် ၂ မိုင် ၂ ဖာလုံအတွက် လမ်းခင်းပစ္စည်းများ သယ်ယူရရှိနိုင်မည့် ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ဥမ္မာဌေး၏ **မော်လမြိုင်မြို့နှင့် နေပြည်တော်သို့ ဆက်သွယ်သောမီးရထားအား မည်သည့်အချိန်တွင် စတင်ပြေးဆွဲမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မော်လမြိုင်မြို့နှင့် နေပြည်တော်သို့ ဆက်သွယ်ထားသော နေပြည်တော်-တောင်ငူ-အိမ်ခြေလေးဆယ်-ဆတ်သွားကုန်း-မော်လမြိုင် ရထားလမ်းပိုင်းသည် ၂၀၀၇ ခုနှစ် ဧပြီလမှစ၍ နေပြည်တော်-မော်လမြိုင် ရထားနှင့် အမှတ်(၁၈/၁၇) မော်လမြိုင်-နေပြည်တော် ရထားများ ပြေးဆွဲပေးခဲ့ပြီး ခရီးသည်စီးနင်းမှုနည်းပါးသည့်အတွက် နှိုင်ငံတော်မှအချို့ခံပြေးဆွဲ၍ ဝန်ဆောင်မှုပေးခဲ့ပါကြောင်း။

သို့သော်လည်း နေပြည်တော်-မော်လမြိုင် တိုက်ရိုက်ရထားများ ပြေးဆွဲပေးခြင်းမရှိသေးသော်လည်း ရန်ကုန်-ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းနှင့် ရန်ကုန်-ပဲခူး-တောင်ငူ-နေပြည်တော် ရထားလမ်းပိုင်းတို့တွင် ခေတ်မီ DEMU ရထားတွဲဆိုင်းများနှင့် ပုံမှန်အမြန်ရထားများ၊ ခရီးတို ရထားများအဖြစ် RBE၊ BEMU များနှင့် ပဲခူး-တောင်ငူ-နေပြည်တော် လမ်းပိုင်းတွင် အစုနှံ/အဆန် ပြေးဆွဲပေးလျက်ရှိသည့်အတွက် မော်လမြိုင်မှ ပဲခူး၊ ပဲခူးမှ နေပြည်တော်အထိ အဆင်ပြေချောမွေ့စွာ ချိတ်ဆက်၍ ခရီးသွားလာနိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ မော်လမြိုင်မှ နေပြည်တော်သို့ တိုက်ရိုက်ရထားများ ပြေးဆွဲပေးရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဒေါ်မော်မော်ခိုင်၏ **သက်တမ်းလွန် မော်တော်ယာဉ်/ ဆိုင်ကယ်များအား မှတ်ပုံတင်ခွင့်ပြုမည့် အစီအစဉ်နှင့် မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်၊ မှတ်ပုံတင်သက်သေခံလက်မှတ်များ ပျက်စီး၊ ပျောက်ဆုံးခြင်းများအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မြန်မာနိုင်ငံတစ်ဝန်းလုံးရှိမှတ်ပုံတင်ထားသည့် (၅)နှစ်ကျော် သက်တမ်းလွန် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၃၁ (က) ပုဒ်မခွဲ ၃ အရ ပြန်လည်မှတ်ပုံတင် ဆောင်ရွက်ပေးခဲ့ရမရပါကြောင်းနှင့် နယ်မြေဒေသလုံခြုံရေးအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် မှတ်ပုံတင်ထားသည့်ရုံးများသို့ လာရောက်ဆောင်ရွက်နိုင်ခြင်းမရှိသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကိုသာ နယ်မြေဒေသအခြေအနေပေါ်မူတည်၍ အထူးကိစ္စတစ်ရပ်အရေးဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်၊ မှတ်ပုံတင် သက်သေခံလက်မှတ် ပျက်စီး၊ ပျောက်ဆုံးခြင်းများအတွက် သတ်မှတ်ထားသည့် အထောက်အထားများအား စိစစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညှိမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်၏ **မြို့နယ်ပြည်သူ့ဆေးရုံအတွက် လျှပ်စစ်ဓာတ် အားပေးမီးစက်ပုံပိုးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက မိုးညှိမြို့နယ်ဆေးရုံအတွက် လိုအပ်သော 25 KVA Generator ကို ကုသရေးဦးစီးဌာနမှ 25 KVA Generator (၁)လုံး ထောက်ပံ့ပေးပြီး ယခုအခါ တပ်ဆင်ပြီးစီးကြောင်း ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ဒေါင့်ကြီးတိုက်နယ်ဆေးရုံအား ပြန်လည် တည်ဆောက်ပေးရန်နှင့် ကျန်းမာရေးဝန်ထမ်းအိမ်ရာအသစ် တည်ဆောက်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ကျောင်းကုန်းမြို့နယ် ဒေါင့်ကြီးတိုက်နယ်ဆေးရုံတွင် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်းလုပ်ငန်း ၄ ခုအား ၂၀၁၈-၂၀၁၉ မှ ၂၀၂၁-၂၀၂၂ (၆)လ ဘဏ္ဍာရေးနှစ်အထိ လုပ်ငန်း ၃၈ ရာခိုင်နှုန်းစီ ပြီးစီးခဲ့၍ ငွေပေးချေခဲ့ပြီးဖြစ်ပါကြောင်း၊ ကုမ္ပဏီမှလုပ်ငန်းများ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိသောကြောင့် လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ငန်းစဉ်များအား တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ စီစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ထမ်းအိမ်ရာများ၏ ကျန်ရှိလုပ်ငန်းများအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေပြန်လည်လျာထားပေးမည်ဖြစ်ပြီး တိုက်နယ်ဆေးရုံအဆောက်အအုံကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ပြင်ဆင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်၏ **ဝေါမြို့နယ် ပြည်သူ့ဆေးရုံတွင် လက်ထောက်ဆရာဝန် (အထူးကု) တစ်ဦးကို မည်သည့်အချိန်တွင် တာဝန်ချထားပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ဝေါမြို့နယ်ပြည်သူ့ဆေးရုံတွင် မြို့နယ်ကုသရေးဦးစီးဌာနမှုးနှင့်အတူ လက်ထောက်ဆရာဝန်လေးဦး၊ သွားနှင့်ခံတွင်းဆရာဝန် တစ်ဦး၊ သူနာပြု ၁၃ ဦးနှင့် အခြားကျန်းမာရေးဝန်ထမ်း ၃၀ တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ဝေါမြို့နယ်ပြည်သူ့ဆေးရုံသည် (၂၅)ခုတင်ဆုံ ပြည်သူ့ဆေးရုံဖြစ်ပါသဖြင့် အထူးကုဆရာဝန်များ ခန့်ထားရန်အတွက် ဖွဲ့စည်းပုံမရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

စာမျက်နှာ ၈ သို့ ☆

☆ စာမျက်နှာ ၇ မှ

မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးမိုင်းအောင်ခမ်း၏ **မိုင်းယောင်းမြို့နယ် နမ့်ဟင်းချောင်း လက်ရိုက်ရေလွှဆည်အား ကျောက်စီကွန်ကရစ် ရေလွှဆည် တည်ဆောက်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်** စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမိုလိမိုလိကျော်က မိုင်းယောင်းမြို့နယ်ရှိ နောင်ဘိုးကျေးရွာအနီး နမ့်ဟင်းချောင်းပေါ်တွင် ဒေသခံတောင်သူများ၏ ကိုယ်ထူကိုယ်ထ လက်ရိုက်ရေလွှဆည်ဖြစ်သည့် နောင်ဘိုးလက်ရိုက်ရေလွှဆည်အား အခိုင်အမာ ကျောက်စီကွန်ကရစ် ရေလွှဆည်အဖြစ် အဆင့်မြှင့် တင်တည်ဆောက်ပေးရန်အတွက် လိုအပ်သည့် ရန်ပုံငွေကို သင့်လျော်ရာဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းခတ်မဲဆန္ဒနယ်မှ ဦးမိုင်းဝန်းဆမ်၏ **မိုင်းခတ်မြို့နယ် မိုင်းနန်းကျေးရွာ နမ့်နန့်ချောင်း ခမ်းနွဲ့ရေလွှဆည် ချောင်းဘေးကမ်းပါး ပြိုကျပျက်စီးမှုနှင့် ကျန်ရှိသည့် ကျောက်စီရေသွယ်မြောင်းအား မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမိုလိမိုလိကျော်က မိုင်းခတ်မြို့နယ် နမ့်နန့်ချောင်း ခမ်းနွဲ့ရေလွှဆည် ချောင်းဘေးကမ်းပါးသည် ၂၀၂၆ ခုနှစ်တွင် ချောင်းရေတိုက်စားမှုကြောင့် ချောင်းပေါင် အလျား ပေ ၆၀ ခန့်ထပ်မံကျိုးပေါက်ခဲ့ပါကြောင်း၊ ထို့ကြောင့် နမ့်နန့်ချောင်း ချောင်းလမ်းကြောင်း ပြောင်းလဲစီးဆင်းမှုအား ပြန်လည်ပိတ်ဖို့ခြင်း၊ ချောင်းအတွင်းပို့ချလျက်ရှိသည့် သဲနန်းများအား တူးဖော်၍ ချောင်းပေါင်ဆင့်ခြင်း၊ ရေပေးမြောင်း ထပ်မံထိခိုက်ပျက်စီးမှုမဖြစ်စေရေးအတွက် ရေပေး မြောင်းပေတိုင် သဲထုတ်ရေတံခါးနှင့် ရေဆိုးထုတ် မြောင်း တည်ဆောက်ခြင်းနှင့် တူးမြောင်းအား သဲနန်း ပြန်လည်တူးဖော်ခြင်း လုပ်ငန်းများဆောင်ရွက်ပေး ရန် လိုအပ်လျက်ရှိပါကြောင်း။

ရေလွှဆည်ချောင်းကမ်းပါး ပြိုကျပျက်စီး၍ ချောင်းလမ်းကြောင်းပြောင်းလဲသည့် နေရာအား ပြန်လည်ပိတ်ဖို့ခြင်းနှင့် သဲနန်းတူးဖော်ပေါင်ဆင့်ခြင်း လုပ်ငန်း၊ ရေပေးမြောင်းတွင် သဲထုတ်ရေတံခါး၊ ရေဆိုးထုတ်မြောင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် တူးမြောင်းပုံစံကျ ပြန်လည်တူးဖော်ခြင်းလုပ်ငန်း တို့ကို ဆောင်ရွက်နိုင်ရန်အတွက် အနီးစပ်ဆုံး သင့်လျော်ရာဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အပိုင်းလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပလိုင်ကော်မဲဆန္ဒနယ်မှ ဦးမောင်ရွှေ၏ **မိုးဖြေရေကာတာမှ မုံပြာကျေးရွာအထိ မြောင်းတစ်လျှောက် ကျောက်စီခြေထိန်းနံရံ ပြုလုပ်ပေးရန်နှင့် ရေမိုင်နာမြောင်းများပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း** နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမိုလိမိုလိကျော်က မိုးဖြေတမံမှ မုံပြာရွာအထိ လက်ဝဲမြောင်းမကြီးအလျား ၅၆၂၃၄ ပေမှ လိုအပ်သည့်နေရာများ၌ အပိုင်းလိုက် အလျား ပေ ၁၈၀၀ ခန့်ကို ကွန်ကရစ်လိုင်နင်စီထားပြီး ဖြစ်ပါကြောင်း။

ထို့ပြင် ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် လက်ဝဲမြောင်းမကြီးမှ သဲနန်းတူးဖော်ရန် လိုအပ် သည့်အပိုင်းအလိုက် အလျားပေ ၂၀၂၅၀ အား မြောင်းပုံစံကျ တူးဖော်ပြုပြင်ခြင်း၊ လက်တံ(၁) မြောင်းမှ လိုအပ်သည့်အပိုင်းအလိုက် အလျား ပေ ၂၆၀၀ အား မြောင်းပုံစံကျ တူးဖော်ပြုပြင်ခြင်းနှင့် ၂၅၀၀ အား မြောင်းပုံစံကျ တူးဖော်ပြုပြင်ခြင်းနှင့် ကွန်ကရစ်လိုင်နင်စီခြင်း၊ လက်တံ(၂)မြောင်းမှ လိုအပ်သည့်အပိုင်းအလိုက် အလျား ပေ ၂၆၀၀ အား မြောင်းပုံစံကျ တူးဖော်ပြုပြင်ခြင်းနှင့် ကွန်ကရစ်လိုင်နင်စီခြင်း၊ လက်တံ(၃)မြောင်းမှ လိုအပ်သည့်အပိုင်းအလိုက် အလျား ပေ ၂၆၀၀ အား မြောင်းပုံစံကျ တူးဖော်ပြုပြင်ခြင်းနှင့် ကွန်ကရစ်လိုင်နင်စီခြင်း၊ လက်တံ(၄)မြောင်းမှ လိုအပ်သည့် အပိုင်းအလိုက် အလျား ပေ ၁၄၀၀ အား မြောင်းပုံစံကျ တူးဖော်ပြုပြင်ခြင်းနှင့် ကွန်ကရစ်လိုင်နင်စီခြင်းလုပ်ငန်း များကို ပြည်နယ်ခွဲငွေပြုရန်ပုံငွေဖြင့် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

မိုးဗြဲဆည်ရေသောက်စနစ်အတွင်းရှိ ရေပေး မြောင်းများ ရေရှည်တည်တံ့ပြီး ထိရောက်အကျိုးရှိ စွာ စိုက်ပျိုးရေးပေးဝေနိုင်ရေးအတွက် မြောင်းပုံစံကျ သဲနန်းတူးဖော်ပြုပြင်ခြင်းနှင့် ကွန်ကရစ်လိုင်နင်စီ ခြင်း လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေခွဲဝေ ရရှိမှုအပေါ် မူတည်၍ လျာထားစီမံဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဒုံရှိမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး တင်သွင်းသည့် **"စာပေနှင့် ယဉ်ကျေးမှု၊ ရိုးရာထုံးစံများ မပျောက်မပျက်စေရေး အတွက် စာပေ၊ ယဉ်ကျေးမှုဆိုင်ရာ မူဝါဒနှင့် စာပေ ရေရှည်ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေ/နည်းဥပဒေ (တစ်ခု) ရေးဆွဲပြီး တိတိကျကျ ပြဋ္ဌာန်းသင့်ကြောင်း အဆို"**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကျောက်ပန်းတောင်း မဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်က လူမှုကွန်ရက်စာမျက်နှာများပေါ်က မြန်မာစာအရေးအသားများကို အထောက်အထား ပြု၍ နိုင်ငံသုံးဘာသာ၊ သင်ကြားရေးဘာသာ၊ ဆက်သွယ်ရေးဘာသာဆိုသည့် အင်္ဂါရုပ်သုံးခုဖြင့် ပြည့်စုံသောမြန်မာစာသည် နိမ့်ကျရုံမျှမက ပျက်စီး စပြုနေပြီဆိုသည့် လိမ္မော်ရောင်အဆင့်သို့ ရောက်ရှိ နေပြီ ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုတွင် မြန်မာဟူသည် ဂုဏ်ယူနိုင်လောက်သည့် ထိပ်တန်းစာရင်းဝင်ဖြစ်ပါ ကြောင်း၊ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်ပြီး လူမျိုးပျောက်လျှင် နိုင်ငံပါပျောက်မည်ဖြစ်ပါ ကြောင်း၊ ယဉ်ကျေးမှုဆိုသည်မှာ သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းရမည့် အမျိုးသားဇာတိဥပဓိ ဖြစ်ပါကြောင်း။

သို့ဖြစ်၍ စာပေ၊ ယဉ်ကျေးမှု၊ ထိန်းသိမ်းသင့် သည့် ဓလေ့ထုံးစံများ မပျောက်မပျက်စေရေးအတွက် စာပေ၊ ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ခြင်း ဆိုင်ရာ မူဝါဒလောက်မျှဖြင့် မလုံလောက်ပါကြောင်း၊ ဥပဒေတစ်ရပ် ခိုင်ခိုင်မာမာနှင့် ၎င်း၏ နည်းဥပဒေ တိတိကျကျ ပြည့်ပြည့်စုံစုံ ရေးဆွဲပြဋ္ဌာန်းသင့်ပါ ကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဦးစိုင်းကျော်လှက အမျိုးသားဘာသာ၊ စာပေနှင့်ယဉ်ကျေးမှုများ မပျောက်ပျက်စေရန် အမျိုးသားအဆင့်မူဝါဒနှင့် သီးခြားဥပဒေ/ နည်းဥပဒေများကို တိကျစွာ ပြဋ္ဌာန်း ခြင်းသည် နိုင်ငံ၏မွေးရာပါ အမွေအနှစ်များနှင့် မျိုးဆက်သစ်တို့၏ အသိဉာဏ်အဆင့်အတန်းကို တရားဝင်အာမခံချက်ပေးနိုင်ရန်အတွက် အလွန် အရေးကြီးပါကြောင်း၊ အမျိုးသားဘာသာနှင့် စာပေ ထိန်းသိမ်းရေးလိုအပ်ချက်များ၊ မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းခြင်း၊ ဒီဂျစ်တယ်ခေတ်နှင့် နိုင်ငံ တကာယဉ်ကျေးမှုများ ဝင်ရောက်လာမှုကြောင့် လူငယ်များစွာသည် မိခင်ဘာသာစကားနှင့် စာပေ အပေါ် စိတ်ဝင်စားမှုလျော့နည်းလာခြင်းကို ဥပဒေ ဖြင့် ကာကွယ်ရန် လိုအပ်ပါကြောင်း။

ခေတ်မီတိုးတက်မှုနှင့် မိမိတို့၏ ကိုယ်ပိုင် ယဉ်ကျေးမှုစရိုက်လက္ခဏာများ မဆုံးရှုံးစေရန် ပညာရေးသင်ရိုးညွှန်းတမ်းများတွင် ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကို စနစ်တကျ ထည့်သွင်းပြဋ္ဌာန်းသင့် ပါကြောင်း၊ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို တရားမဝင်ဖျက်ဆီးမှု မှားယွင်းစွာလိမ်လည် ပြောင်းလဲခြင်းအတွက် ဥပဒေအရ ပြစ်ဒဏ်များ သတ်မှတ်ပေးရမည်ဖြစ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်က ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ ထုံးစံများကို ထိန်းသိမ်းခြင်းသည် ဥပဒေတစ်ရပ် ပြဋ္ဌာန်းရုံဖြင့် ပြီးမြောက်သွားမည့်ကိစ္စမဟုတ်ပါ ကြောင်း၊ မျိုးဆက်သစ်များ လက်ဆင့်ကမ်းအသုံးပြု နိုင်ရေး၊ ပညာရှင်များ၏ အသိပညာကို မှတ်တမ်းတင် ရေး၊ ဒေသခံလူထု၏ ပါဝင်မှုကို အားပေးရေးနှင့် လိုအပ်သော အရင်းအမြစ်များကို ရရှည်ပံ့ပိုးရေးတို့ ဖြင့်သာ အမွေအနှစ်များကို အဓွန့်ရှည်တည်တံ့စေနိုင် မည်ဖြစ်ပါကြောင်း။

မိမိတို့၏ ရည်မှန်းချက်သည် ဥပဒေများ များပြားလာရေးမဟုတ်ဘဲ ဥပဒေများ၏ အကျိုး သက်ရောက်မှုပိုမိုကောင်းမွန်လာရေး၊ ဘဏ္ဍာငွေများ ထိရောက်စွာ အသုံးချနိုင်ရေးနှင့် ပြည်ထောင်စု တိုင်းရင်းသားအားလုံး၏ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာအမွေအနှစ်များ မျိုးဆက်သစ်များထံ လက်ဆင့် ကမ်းနိုင်ရေးပင် ဖြစ်သင့်ပါကြောင်း။

စာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးဆိုင်ရာ တည်ဆဲဥပဒေများနှင့် လက်ရှိအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို ပြည့်စုံစွာ စီစစ်သုံးသပ်ရန်၊ လက်ရှိဥပဒေများကို အကောင်အထည်ဖော်ရာတွင် လိုအပ်နေသော ဘတ်ဂျက်၊ နည်းပညာ၊ သုတေသန နှင့် လူ့စွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းပေး ရန်၊ လုပ်ပိုင်ခွင့်နှင့် တာဝန်ထပ်နေမှုများကို ရှောင်ရှား ပြီး ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဒေသခံလူထုတို့အကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ ဥပဒေအသစ်တစ်ရပ် လိုအပ်၊ မလိုအပ်ကို အချက်အလက်နှင့် ဥပဒေရေးရာ စီစစ်ချက်များအပေါ် အခြေခံ၍ ဆုံးဖြတ်ပေးရန်တို့ ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဥပဒေအသစ်ပြဋ္ဌာန်းရေး ချက်ချင်းဆောင် ရွက်ခြင်းထက် လက်ရှိအကောင်အထည်ဖော်မှုကို ဦးစွာစီစစ်သုံးသပ်ပြီး လိုအပ်သည့် အားဖြည့်မှုများကို ဆောင်ရွက်ရန် ဦးစားပေးသင့်ကြောင်း အကြံပြု ဆွေးနွေးသည်။

ယင်းနောက် ဒုံရှိမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ် မှ ဒေါက်တာရွှေပြည်စိုး တင်သွင်းသည့် အဆိုနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက မြန်မာနိုင်ငံ တိုင်းရင်းသား အားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာထုံးတမ်းစဉ်လာများ၏ သဘောသဘာဝ၊ ထိန်းသိမ်းရေးနည်းလမ်းများ မတူညီကြသဖြင့် ကဏ္ဍ အလိုက် တာဝန်ယူဆောင်ရွက်ရသည့် ဝန်ကြီးဌာန နှင့်အဖွဲ့အစည်းများလည်း ကွဲပြားပါကြောင်း၊ ထို့ပြင် ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရိုးရာဓလေ့များ ထိန်းသိမ်းမြှင့်တင်ရေးအတွက် နိုင်ငံတော်အနေဖြင့် မူဝါဒများနှင့် နိုင်ငံတော်အဆင့် စီမံချက်များချမှတ် ထားပြီးဖြစ်သကဲ့သို့ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အားသွန်ခွန်စိုက် ဦးဆောင်ဦးရွက်ပြုပြီး ဝန်ကြီးဌာန များက ဆောင်ရွက်နေကြကာ တည်ဆဲဥပဒေများ၊ နည်းဥပဒေများတွင် လိုအပ်သော ပြဋ္ဌာန်းချက်များ ပါဝင်ပြီးဖြစ်ပါကြောင်း။

ယနေ့ပြောင်းလဲလာသည့် ခေတ်ကာလအခြေ အနေများအရ အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များ သည် အဆိုတွင် ပါဝင်သော လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လွှမ်းခြုံနိုင်မှု အားနည်း ချက်များ ရှိလာခြင်းအတွက် ပို့မိုထိရောက်သော ပြဋ္ဌာန်းချက် များရှိလာပါက လွှတ်တော်ကိုယ်စားလှယ်များအနေ ဖြင့် ဥပဒေပြုလွှတ်တော်များမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းတိုင်ပင်၍ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက် ပြဋ္ဌာန်းနိုင်ကြပါရန်နှင့် အဆိုပါ လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စေရန်အတွက် လွှတ်တော်ကိုယ်စားလှယ်တော်များ အနေဖြင့်လည်း မိမိတို့သက်ဆိုင်ရာနယ်မြေများတွင် ဒေသအာဏာ ပိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ကြပါရန်၊ ဒေသခံ ပြည်သူများကိုလည်း စည်းရုံးဆောင်ရွက်ပေးနိုင်ကြ ပါရန်နှင့် အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိပေးနိုင် ပါရန် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုံရှိမြို့ သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၏ အကြံပြု ဆွေးနွေးချက်များကို အလေးအနက်ထားကာ သက်ဆိုင်ရာဝန်ကြီးဌာနက မှတ်သားထားရှိပြီး ၎င်းအဆိုပြုချက်အပေါ် မှတ်တမ်း တင်စောင့်ကြည့်သွားသင့်ကြောင်း လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့် အတွက် အဆိုအား မှတ်တမ်းတင်စောင့်ကြည့်မည် ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင် ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"အသေးစား အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေ ကြမ်း"**နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင် ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ရပ်နား လိုက်ပြီး အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို နိုဝင်ဘာ ၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

ဧလွန်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကျေးရွာများအား ရန်ပုံငွေလွှဲပြောင်းပေးအပ်

ဧလွန် အောက်တိုဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဧလွန်မြို့နယ် သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)များကို အကောင် အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ကျင်းပ

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မီးလောင်ကုန်းကျေးရွာနှင့် မဲလီကုန်းကျေးရွာတို့အား ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၆ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလေးထားဆောင်ရွက်

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်မေမျိုးဟန်က ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက် မည့် ကျေးရွာများအနေဖြင့် လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးအတွက် အလေးထား ဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားပြီး စီမံကိန်းရန်ပုံငွေလွှဲ ပြောင်းပေးအပ်ရာ ကျေးရွာကော်မတီဝင်များက လက်ခံရယူကြောင်း



မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ထိမှ သိရသည်။ **ဖြိုးစုနိုင်(ကျေးလက်)**

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့်အဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံ၌ ကျင်းပသည့် နှစ် (၃၀) ပြည့် စွမ်းအင်နှင့် ဂေဟဗေဒစနစ်ဆိုင်ရာဖိုရမ်၏စကားဝိုင်းဆွေးနွေးပွဲ ပါဝင်တက်ရောက်



နေပြည်တော် အောက်တိုဘာ ၂၈

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ ကျင်းပသည့် နှစ်(၃၀)ပြည့် စွမ်းအင်နှင့် ဂေဟဗေဒစနစ်ဆိုင်ရာဖိုရမ်၏စကားဝိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲဝိုင်းတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အတူ ပါဝင်တက်ရောက်သည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက Formula of Energy Independence: Economy, Integration, Development ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ရှမြင်ချက်အရ စွမ်းအင်ဖိုခိုမှုကင်းခြင်းဆိုသည်မှာ လိုအပ်သမျှသောစွမ်းအင်ကို ပြည်တွင်း၌ တတ်နိုင်သလောက် ထုတ်လုပ်ခြင်း၊ မိတ်ဆွေနိုင်ငံများနှင့် စိတ်ချယုံကြည်ရသည့် စွမ်းအင်ကုန်သွယ်မှုပြုလုပ်ခြင်း၊ ပြင်ပမှ အနှောင့်အယှက်များကြောင့် စွမ်းအင်လုံခြုံမှုကို ထိခိုက်လွယ်ခြင်းမှ လျော့ချနိုင်ရေးနှင့်အတူ ယုံကြည်စိတ်ချရပြီး သင့်တင့်သည့်ဈေးနှုန်းဖြင့် ရရှည်တည်တံ့သော စွမ်းအင်ထောက်ပံ့ဖြည့်ဆည်းမှုကို အာမခံနိုင်ရေးတို့ ပါဝင်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းလျှပ်စစ်ဓာတ်အားကွန်ရက်ချိတ်ဆက်မှု တိုးတက်ခိုင်မာရေး၊ ရေနုန်းနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ လုံခြုံစိတ်ချရမှု မြှင့်တင်ရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အထူးအရေးပါကြောင်း၊ မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့၊ ရေအားလျှပ်စစ်၊ နေရောင်ခြည်စွမ်းအင်နှင့် အခြားစွမ်းအင်အရင်းအမြစ်အလားအလာများစွာရှိပါကြောင်း၊ ယင်းအရင်းအမြစ်များကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရင်းနှီးမြှုပ်နှံမှု၊ အဆင့်မြင့်နည်းပညာ၊ အခြေခံအဆောက်အအုံနှင့် နည်းပညာကျွမ်းကျင်မှုတို့ လိုအပ်ကြောင်း၊ မြန်မာ–ဘယ်လာရုစ်ပူးပေါင်းဆောင်ရွက်မှုသည် စွမ်းအင်လုံခြုံမှုအတွက် အထောက်အပံ့ကောင်းများ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား လျှပ်စစ်ဓာတ်အား အခြေခံအဆောက်အအုံများ၊ စက်ပစ္စည်းကိရိယာများနှင့် ပြုပြင်ထိန်းသိမ်းရေး၊ စွမ်းအင်အသုံးပြုမှုအကျိုးရှိ ထိရောက်ရေးနှင့် ကျွမ်းကျင်ပညာရှင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးတို့တွင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်မည့် အလားအလာများစွာရှိသည်ဟု ယုံကြည်ပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံအပါအဝင် တက်ရောက်လာကြသည့် နိုင်ငံများ၏အတွေ့အကြုံများကို ဖလှယ်ပြီး အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် လက်တွေ့ကျသောပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများကို အတူတကွရှာဖွေဖော်ထုတ်နိုင်ရန် မျှော်လင့်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါဖိုရမ်သို့ အရှေ့ဥရောပနိုင်ငံများ၊ ဥရောပအာရှဒေသနိုင်ငံများ၊ အရှေ့အလယ်ပိုင်းနိုင်ငံများမှ စွမ်းအင်ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ တက်ရောက်လျက်ရှိပြီး ဖိုရမ်တက်ရောက်နေစဉ်ကာလအတွင်း ပြည်ထောင်စုဝန်ကြီးသည် အီရန်နိုင်ငံ စွမ်းအင်ဝန်ကြီး၊ အီရတ်နိုင်ငံ စွမ်းအင်ဒုတိယဝန်ကြီး၊ တာတာစတန်ပြည်နယ် ဒုတိယဝန်ကြီးချုပ်နှင့် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးတို့နှင့် သီးခြားစီတွေ့ဆုံ၍ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးမှင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အာကာသဆိုင်ရာ ပန်းချီ/ကာတွန်း/ပိုစတာပြိုင်ပွဲ (အခြေခံပညာအဆင့်) ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၂၈

နေပြည်တော် ကောင်စီနှင့် မြန်မာအာကာသအေဂျင်စီတို့က ကြီးမှူးရ၍ "အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ/ကာတွန်း/ ပိုစတာပြိုင်ပွဲ" ကို ပြည်ထောင်စု နယ်မြေ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၌ နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကို အခြေခံပညာမူလတန်းအဆင့်အတွက် အာကာသအိပ်မက်၊ အခြေခံပညာအလယ်တန်းအဆင့်အတွက် လူသားနှင့် အနာဂတ်အာကာသ၊ အခြေခံပညာ အထက်တန်းအဆင့်အတွက် အသုံးချလေ့လာအာကာသနည်းပညာ စသည့် ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အနာဂတ်မျိုးဆက်သစ် လူငယ်မောင်မယ်များ၊ အာကာသသိပ္ပံနှင့် နည်းပညာများကို စိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာ စိတ်ကူး၊ စိတ်သန်းများ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် သိပ္ပံဆိုင်ရာစိတ်ကူးစိတ်သန်း တီထွင်ဖန်တီးမှု အနုပညာလက်ရာနှင့်ကျွမ်းကျင်မှု၊ ရုပ်ပုံဖွဲ့စည်းမှု၊ အမျိုးအစားပေးလိုသော သတင်းစကားနှင့် ထူးခြားမှု၊ မြန်မာအင်္ဂေ့အသက်နှင့် အာကာသနယ်ပယ်ဟန်ချက်ညီညီပေါင်းစပ်ထားရှိမှု စသည့် အချက်များအပေါ်တွင် အမှတ်ပေးသွားမည် ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေး ကော်မတီထံမှ သိရသည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုတံဆိပ်များ၊ ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်သွားမည်ဖြစ်သည့် အပြင် ပါဝင်ယှဉ်ပြိုင်သူအားလုံးကို လည်း Certificate များ၊ အမှတ်တရလက်ဆောင်များ ပေးအပ်သွားမည်ဖြစ်သည်။

အခြေခံပညာမူလတန်းအဆင့် ဆုရရှိသူများအား ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် လေးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်း၊ အထူးဆု ၁၀ ဆုအတွက် တစ်ဆုလျှင် ငွေကျပ်ခွန်သိန်းစီဖြင့် လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်တွင် ပထမဆု ငွေကျပ်ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ်ခြောက်သိန်း၊ တတိယဆု ငွေကျပ်ငါးသိန်း၊ အထူးဆု ၁၀ ဆုအတွက် တစ်ဆုလျှင်ငွေကျပ် သုံးသိန်းစီဖြင့် လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် ဆုရရှိသူများအား ပထမဆုငွေကျပ် ၁၀သိန်း၊ ဒုတိယဆုငွေကျပ်ကိုးသိန်း၊ တတိယဆု ငွေကျပ်ရှစ်သိန်း၊ အထူးဆု ၁၀ ဆုအတွက် တစ်ဆုလျှင် ငွေကျပ်ငါးသိန်းစီဖြင့်လည်း ကောင်း ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲကို နိုဝင်ဘာ ၁၀ ရက်တွင် အခြေခံပညာမူလတန်းအဆင့်၊ နိုဝင်ဘာ ၁၁ ရက်တွင် အခြေခံပညာ အလယ်တန်းအဆင့်နှင့် နိုဝင်ဘာ ၁၂ ရက်တွင် အခြေခံပညာ အထက်တန်းအဆင့်တို့မှ ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၃ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်လိုသည့် ကျောင်းသားကျောင်းသူများအနေဖြင့် မိမိတို့သက်ဆိုင်ရာကျောင်းများမှတစ်ဆင့် နိုဝင်ဘာ ၄ ရက်နောက်ဆုံးထားရှိ နေပြည်တော်တိုင်းပညာရေးမှူးရုံးသို့ စာရင်းပေးသွင်း လျှောက်ထားရမည် ဖြစ်ကြောင်း သိရသည်။

နေပြည်တော်(ပြန်/ဆက်)





အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မစ္စ မာရီယာ ထရက်ဆာ ပရဲညိုလာဇရီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုခရီးစဉ် လာရောက်

နေပြည်တော် အောက်တိုဘာ ၂၈

၂၀၂၆ ခုနှစ် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မစ္စ မာရီယာ ထရက်ဆာ ပရဲညို လာဇာရီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်အထိ လူသားချင်းစာနာမှုခရီးစဉ် လာရောက်လျက်ရှိသည်။

အထူးကိုယ်စားလှယ်နှင့်အဖွဲ့ ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့သို့ ရောက်ရှိချိန်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ အထူးကိုယ်စားလှယ်နှင့် အဖွဲ့သည် AHA Centre မှ ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ အာဆီယံသံရုံးများမှ သံတမန်များ ပါဝင်သော အာဆီယံလေ့လာစောင့်ကြည့်ရေးအဖွဲ့ (ASEAN Monitoring Team–AMT) နှင့်အတူ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ဘုရားဖြူရုပ်ကွက်ရှိ စိန့်ဖော်စတီနာနိုဗီရှိတ် ဘုရားကျောင်းနှင့် တောင်ကြီးမြို့နယ် ညီမိုးဘုရားကုန်းကျေးရွာတို့၌ AHA Centre မှ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အကူအညီဖြင့် ပေးအပ်သော လူသားချင်းစာနာမှု အကူအညီများဖြစ်သည့် ဆန်၊ မိသားစုသုံးပစ္စည်းနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကို အကူအညီလိုအပ်နေသူများထံ ထောက်ပံ့ပေးအပ်နေမှုများကို လေ့လာကြည့်ရှုသည်။

ညနေပိုင်းတွင် အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် တောင်ကြီးမြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ နေပြည်တော်သို့ ညပိုင်းတွင် ရောက်ရှိခဲ့သည်။ နေပြည်တော်လေဆိပ်သို့ ရောက်ရှိချိန်တွင် အထူးကိုယ်စားလှယ်နှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရသည်။

သတင်းစဉ်

အယ်လ်နီညို အပူလိုင်းများကြားမှ ခရီးသွားလုပ်ငန်း

စည်သူကျော်

ယခုရက်များအတွင်း လူပြောအများဆုံး စကားလုံးတစ်လုံးကို ပြောပါဆိုလျှင် အယ်လ်နီညိုဆိုသော မိုးလေဝသဆိုင်ရာ စကားလုံးတစ်လုံးသည်လည်း အပါအဝင်ဖြစ်ပေလိမ့်မည်။ ကမ္ဘာကြီးသည် ရာသီဥတုပြောင်းလဲပြင်းထန်လာမှုနှင့် သဘာဝဘေးများကို ပိုမိုရင်ဆိုင်လာရသည့်ကာလသို့ရောက်ရှိနေသည်ကို အားလုံးလက်တွေ့သိမြင်ခံစားနေကြရပြီဖြစ်သည်။

ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရေကြီးရေလျှံခြင်း၊ တောမီးလောင်ကျွမ်းခြင်းနှင့် ရာသီဥတုမှန်ကန်မျှတမှုမရှိခြင်းတို့သည် ကမ္ဘာ့လူသားများကို ပိုမိုခြိမ်းခြောက်လာလျက်ရှိသည်။ ထိုသို့သော ရာသီဥတုပြောင်းလဲလာမှုများနှင့် ဆက်စပ်နေသည့် အဓိကဖြစ်စဉ်တစ်ခုမှာ အယ်လ်နီညိုဖြစ်ပါသည်။

အယ်လ်နီညိုသည် ပစိဖိတ်သမုဒ္ဒရာ၏ အီကွေတာအနီးရှိ ပင်လယ်ရေမျက်နှာပြင်အပူချိန် ပုံမှန်ထက်မြင့်တက်လာခြင်း၊ ပင်လယ်သမုဒ္ဒရာနှင့် လေထုအကြား အပြန်အလှန်သက်ရောက်မှုဖြစ်စဉ်များ ပြောင်းလဲလာခြင်းတို့နှင့် ဆက်စပ်သည့် ရာသီဥတုဖြစ်စဉ်တစ်ခုဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ယင်းဖြစ်စဉ်ကြောင့် ကမ္ဘာ့ဒေသအသီးသီးတို့တွင် အပူချိန်နှင့် မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာပြီး အချို့ဒေသများ၌ မိုးခေါင်ရေရှားမှု ပိုမိုဖြစ်ပေါ်နိုင်သကဲ့သို့ အချို့သောဒေသများ၌မူ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရုတ်တရက် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်လာပါသည်။

ယင်းအယ်လ်နီညိုဖြစ်စဉ်ကြောင့် ကမ္ဘာ့ဓိုက်ပျိုးရေးနှင့် စားရေရိက္ခာထုတ်လုပ်မှုကဏ္ဍများကို သာမက အခြားသောထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများကိုပါ တိုက်ရိုက်တစ်နည်း၊ သွယ်ဝိုက်၍ တစ်ဖုံ ကြီးမားသောသက်ရောက်မှုများ ဖြစ်ပေါ်လာစေပါသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းကဏ္ဍသည်လည်း အယ်လ်နီညိုဖြစ်စဉ်၏ ခြွင်းချက်ပေးခြင်း မခံရသော လုပ်ငန်းကဏ္ဍတစ်ခုဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းအပေါ် သတိပေးခေါင်းလောင်းထိုး

နီပေါနိုင်ငံတွင် မကြာမြင့်မီကာလကပင် ဖြစ်ပွားခဲ့သော ရုတ်တရက်ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်ဆိုးကြီးသည် အယ်လ်နီညိုဖြစ်စဉ်၏ ခရီးသွားလုပ်ငန်းအပေါ် ကြီးမားသောခြိမ်းခြောက်မှုကို အရေးကြီးသတိပေးခေါင်းလောင်းထိုးလိုက်သကဲ့သို့ပင်ဖြစ်ပါသည်။ ခရီးသွားရာသီချိန်စတင်ခါနီးအချိန်တွင် ဖြစ်ပေါ်ခဲ့သော ယင်းသဘာဝဘေးဖြစ်စဉ်သည် ခရီးသွားလုပ်ငန်း၏ သဘာဝဘေးအန္တရာယ်အပေါ် ကြံ့ကြံ့ခံနိုင်စွမ်းကို မေးခွန်းထုတ်လိုက်သော ဖြစ်စဉ်တစ်ခုလည်း ဖြစ်ပါသည်။ လက်ရှိအနေအထားသည် နီပေါနိုင်ငံသို့ လာရောက်လည်ပတ်ကြမည့် ခရီးသွားဧည့်သည်များအတွက် ခရီးစဉ်တစ်ခုလုံးကို အလျင်စလို ဖျက်သိမ်းရန် မလိုကြောင်းနှင့် မိမိသွားရောက်မည့် ခရီးစဉ်ကို ဘေးအန္တရာယ်ကျရောက်ခဲ့သည့်ဒေသနှင့် သေချာစွာ တိုက်ဆိုင်စိစစ်ပြီးမှသာ ဆုံးဖြတ်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားပါသည်။

ခရီးသွားများအနေဖြင့် ခရီးစဉ်ကို အလျင်စလို ဖျက်သိမ်းမှုများပြုလုပ်ပါက ဘေးအန္တရာယ်ကျရောက်မှုမရှိသည့် ဝေးလံခေါင်ဖျားတောင်တန်းဒေသများမှ ခရီးသွားလုပ်ငန်းကို အဓိကပြုနေသော ဒေသခံများအတွက် စီးပွားရေးဆိုင်ရာထိခိုက်မှုများဖြစ်လာနိုင်ကြောင်းနှင့် သဘာဝဘေးသတင်းတစ်ခုတည်းဖြင့် မိမိတို့၏ နီပေါနိုင်ငံ အားလပ်ရက် ခရီးစဉ်ကို အဆုံးမသတ်ကြရန် (Travel responsibly၊ not fearfully) အသိပေးမေတ္တာရပ်ခံထားသည်ကိုလည်း တွေ့ရှိရပါသည်။

သို့သော် ဒေသတွင်း ခရီးသွားအရင်းအမြစ်များအရ နီပေါနိုင်ငံ၏ ယခုနှစ်ခရီးသွားရာသီအတွက် ကြိုတင်မှာကြားထားမှုများကို ပယ်ဖျက်မှုမှာ ရာခိုင်နှုန်း ၄၀ မှ ၆၀ အတွင်း ရှိနိုင်ကြောင်း သိရှိရသည်။ သို့ဖြစ်ရာ နီပေါနိုင်ငံတွင် ဖြစ်ပွားခဲ့သော ရုတ်တရက်ရေကြီးမှုသည် သဘာဝဘေးအန္တရာယ်တစ်ခုသာမက ခရီးသွားလုပ်ငန်း၊ နိုင်ငံစီးပွားရေး၊ ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် နိုင်ငံတကာခရီးသွားများ၏ ယုံကြည်မှုတို့ကိုပါ ထိခိုက်စေနိုင်သောဖြစ်စဉ်တစ်ခုဖြစ်ပါသည်။ အထူးသဖြင့် နီပေါနိုင်ငံသည် တိမဝန္တာတောင်တန်းများ၊ တောင်တက်ခရီးစဉ်များ၊ သဘာဝအခြေပြုခရီးသွားလုပ်ငန်းနှင့် စွန့်စားခရီးသွားလုပ်ငန်းတို့ဖြင့် ကမ္ဘာကျော်သောကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများက ခရီးသွားလုပ်ငန်းကို တိုက်ရိုက်ထိခိုက်စေနိုင်ပါသည်။

ထိုအခြေအနေများကြောင့် ရာသီဥတုပြောင်းလဲမှုများကြားတွင် ခရီးသွားလုပ်ငန်းသည် မည်သို့မည်ပုံ ရေရှည်တည်တံ့နိုင်မည်နည်း၊ နိုင်ငံ့စီးပွားရေးကို ခရီးသွားလုပ်ငန်းအပေါ်တွင် စတင်အစိုပြုလာသော ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများတွင် ခရီးသွားလုပ်ငန်းသည် မည်သို့မည်ပုံ သွားလုပ်ငန်းအတွင်း အပြောင်းအလဲများ၊ ရာသီဥတုကို ဓိတည်၍ လိုက်ပါထိန်းညှိမှုများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ အယ်လ်နီညိုဖြစ်စဉ်ကို ခရီးသွားလုပ်ငန်းအပေါ် လွှမ်းမိုးသည့် အချက်တစ်ခုအဖြစ် နားလည်ထားရန် လိုအပ်သော်လည်း ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုအားလုံး၏ တစ်ခုတည်းသောအကြောင်းရင်းအဖြစ် မမှတ်ယူသင့်ပါ။

ခရီးသွားလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုပုံစံများကို ပြန်လည်လေ့လာသုံးသပ်ရန်လိုအပ်

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ ဒေသတွင်း ရာသီဥတုပုံစံများ၊ အခြေခံအဆောက်အအုံများ၏ အခြေအနေ၊ စီးပွားရေးအခြေအနေ၊ လူမှုရေးနှင့် ပညာရေး၊ အသိပညာပေးရေးဆိုင်ရာ အချက်အလက်များသည်လည်း အယ်လ်နီညိုဖြစ်စဉ်ကာလ ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုရှိမည် သက်ရောက်မှုများ ရှိလာနိုင်ပါသည်။

လမ်းတံတားပျက်စီးခြင်း၊ မြေပြိုခြင်း၊ လေကြောင်းခရီးစဉ်များဖျက်သိမ်းရခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးခြင်းတို့ကြောင့် ခရီးသွားများ၏ ခရီးစဉ်နှောင့်နှေးခြင်း၊ ခရီးစဉ်ဆိုင်ရာ လုံခြုံမှုနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်းများ လျော့နည်းကျဆင်းခြင်းတို့ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်း၏ အောင်မြင်မှုသည် ဧည့်သည်အရေအတွက်နှင့် ဝင်ငွေရရှိမှုတို့အပေါ်တွင်သာ လုံးလုံးလျားလျား မှီခိုနေသည်မဟုတ်ဘဲ ဘေးအန္တရာယ်ကျရောက်သည့်အချိန်တွင် ခရီးသွားဧည့်သည်များ၏ ဘေးကင်းလုံခြုံမှုကို အပြည့်အဝ ကာကွယ်စောင့်ရှောက်ပေးနိုင်မှုတို့ အပေါ်တွင်လည်း တည်မှီနေသည်ကို သတိပြုရမည်ဖြစ်ပါသည်။

သဘာဝဘေးတစ်ခုကြောင့် ပျက်စီးယိုယွင်းသွား ဆက်လက်ဖွံ့ဖြိုးတိုးတက်လာနိုင်မည်နည်းဟူသော အရေးကြီးသည့်မေးခွန်းများ ပေါ်ပေါက်လာစေပါသည်။ အပူချိန်အလွန်နှိမ့်ခြင်းခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်း၊ တောမီးလောင်ခြင်းနှင့် ရေရှားပါးခြင်းတို့သည် ခရီးသွားဧည့်သည်များ၏ ခရီးစဉ်အတွေ့အကြုံအပေါ် များစွာသက်ရောက်မှုရှိပြီး ခရီးစဉ်ဒေသ၏ဝိုရိုဝိကို ပြင်းထန်စွာ ထိခိုက်စေနိုင်ပါသည်။

သို့အတွက် ခရီးစဉ်များပြောင်းလဲရခြင်း၊ ဖျက်သိမ်းရခြင်း၊ လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ်မြင့်တက်ခြင်းနှင့် ခရီးသွားဧည့်သည်များ၏ ယုံကြည်မှုလျော့ပါးခြင်းတို့ကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ အယ်လ်နီညိုနှင့်ဆက်စပ်သည့် ကမ္ဘာ့အပူချိန်မြင့်တက်မှုသည် အချို့သောဒေသများတွင် အပူလိုင်းများ ပိုမိုပြင်းထန်လာနိုင်ခြေကို မြင့်မားစေပါသည်။ အထူးသဖြင့် နွေရာသီအတွင်း အပူချိန်မြင့်မားလေ့ရှိသော မြို့ပြခရီးစဉ်များ၊ သဲကန္တာရဒေသများနှင့် နေရောင်အောက်တွင် အချိန်ကြာမြင့်စွာ သွားလာလှုပ်ရှားရသည့် ခရီးစဉ်များတွင် ယင်းသက်ရောက်မှုကို ပိုမိုသတိပြုရန် လိုအပ်ပါသည်။

ဥပမာအားဖြင့် ပြင်ပလွင်ပြင်ရှိ ရှုးဟောင်း အမွေအနှစ်များကို လေ့လာသည့် ခရီးစဉ်များ၊ လမ်းလျှောက်လေ့လာကြည့်ရှုရသည့် ခရီးစဉ်များကို အပူချိန်အလွန်မြင့်မားသည့် အချိန်အတွင်း ဆောင်ရွက်ခြင်းကို ရှောင်ကြဉ်၍ နံနက်အစောပိုင်း သို့မဟုတ် ညနေပိုင်းအချိန်များ၌ အစားထိုး ဆောင်ရွက်သင့်ပါသည်။ ထို့အပြင် အပူသက်သာသော အဆောက်အအုံများအတွင်း လှည့်လည်လည်ပြသရသော ခရီးစဉ်များ (ဥပမာအားဖြင့် ပြတိုက်များ) ကို ဧည့်သည်များ၏ ကျန်းမာရေးနှင့် သက်သောင့်သက်သာရှိမှုအတွက် ခရီးစဉ်တွင် ထည့်သွင်းရေးဆွဲပေးရမည်ဖြစ်ပါသည်။

ထို့ကြောင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ခရီးဖြစ်သလို လိုအပ်သလို ထိန်းညှိဆောင်ရွက်မှုများတွင်လည်း **အရေးပါသောအချက်များ ဖြစ်လာမည်ဖြစ်ပါသည်။ ဤသို့သော အခြေအနေတွင် ခရီးသွားလုပ်ငန်းဆောင်ရွက်သူများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များ (Destination Management Organizations–DMOs) သည် မိမိတို့၏ခရီးသွားလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုပုံစံများကို ပြန်လည်လေ့လာသုံးသပ်ရန် လိုအပ်လာမည်ဖြစ်ပါသည်။**

အပူချိန်မြင့်မားသည့် ကာလများတွင် ခရီးသွားဝင်ရောက်မှု မကျဆင်းသွားစေရန်နှင့် ခရီးသွားများ၏ ကျန်းမာရေးနှင့်ခရီးစဉ်၏ အတွေ့အကြုံ၊ ခရီးစဉ်ဒေသ၏ အရည်အသွေး ထိခိုက်မှုမရှိစေရန် ဆိုသည့် အချက်များအကြား ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ခရီးစဉ်၏ ကြာမြင့်ချိန်နှင့် လှည့်လည်ပြသချိန်များ၊ သောက်သုံးရေနှင့် အနားယူရန်အချိန်၊ အပူဒဏ်ဆိုင်ရာ အသိပေးကြေညာချက်နှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများ၊ သယ်ယူပို့ဆောင်ရေးယာဉ်များ၏ ကြံ့ခိုင်မှုနှင့် အရေးပေါ်အခြေအနေတုံ့ပြန်ခြင်းအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုများအတွက် လိုအပ်နိုင်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည်ဖြစ်ပါသည်။

အယ်လ်နီညိုသည် အချို့ဒေသများတွင် ပုပြင်းခြောက်သွေ့မှုကို ပိုမိုဖြစ်ပေါ်စေနိုင်သော်လည်း အခြားဒေသများ၌မူ မိုးရွာသွန်းမှုပုံစံများကို ပြောင်းလဲစေနိုင်ပါသည်။ အချို့နေရာများတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှု၊ မြေပြိုတောင်ပြိုမှုများ ဖြစ်ပေါ်နိုင်သော်လည်း ယင်းဖြစ်စဉ်တို့သည် နေရာတိုင်းတွင် တူညီစွာဖြစ်ပေါ်မည်မဟုတ်ပါ။ ခရီးသွားလုပ်ငန်းအတွက် ယင်းအခြေအနေသည် လမ်းပန်းဆက်သွယ်ရေး၊ လေကြောင်းခရီးစဉ်၊ ရေကြောင်းခရီးစဉ်၊ ခြေလျင်တောင်တက်ခရီးစဉ်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် စွန့်စားခရီးသွားလုပ်ငန်းတို့အပေါ် ကြီးမားသော ခရီးစဉ်ဒေသတစ်ခုသည် ခရီးသွားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးကို ကာကွယ်စောင့်ရှောက်နိုင်သည့် လုံလောက်သောအစီအမံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကြောင့် ကြံ့ကြံ့ခံနိုင်သော ခရီးစဉ်ဒေသတစ်ခုအဖြစ် လျင်မြန်စွာ ပြန်လည်ထူထောင်နိုင်မည်ဖြစ်ပါသည်။ ယင်းသည်ပင် အောင်မြင်သော ခရီးစဉ်ဒေသတစ်ခုအဖြစ် သက်သေပြမှုပင်ဖြစ်ပါသည်။

ခရီးသွားဧည့်သည်များ၏ခရီးစဉ်ကို လွှမ်းမိုးလေ့ရှိ

အယ်လ်နီညိုဖြစ်စဉ်များ မတိုင်မီကပင် ရာသီဥတုသည် ခရီးသွားဧည့်သည်များ၏ ခရီးစဉ်ကို လွှမ်းမိုးလေ့ရှိသည့် အကြောင်းရင်းတစ်ခုဖြစ်ပါသည်။ “မန္တလေးမှာ အတော်ပူနေသလား”၊ “ကလောမှာ စအေးနေပြီလား”၊ “ရန်ကုန်မှာ မိုးအလွန်များနေသလား”စသော မေးမြန်းစုံစမ်းချက်များက “လေယာဉ်လက်မှတ်ရနိုင်သလား”၊ “ကားနဲ့သွားဖို့ အဆင်ပြေသလား” စသည့်မေးမြန်းမှုများကဲ့သို့ပင် ခရီးသွားများအတွက် သွားရောက်လည်ပတ်မည့်ခရီးစဉ်ဒေသရွေးချယ်မှုဆိုင်ရာ အဆုံးအဖြတ်များတွင် အရေးပါသော အကြောင်းအချက်များဖြစ်ပါသည်။

ရာသီဥတုအခြေအနေများအပေါ် မူတည်၍ ခရီးသွားများသည် ခရီးစဉ်ရက် အပြောင်းအလဲ ပြုလုပ်ခြင်း၊ ခရီးစဉ်ဒေသ ပြောင်းလဲရွေးချယ်ခြင်း၊ ခရီးစဉ်ဖျက်သိမ်းခြင်းတို့ကို ပြုလုပ်လေ့ရှိကြပါသည်။ သို့ဖြစ်ရာ အယ်လ်နီညိုဖြစ်စဉ်ကဲ့သို့ ပြင်းထန်သော ရာသီဥတုဆိုင်ရာ ပြောင်းလဲမှုဖြစ်စဉ်များသည် ခရီးသွားလုပ်ငန်းအပေါ် မည်မျှသက်ရောက်မှုရှိမည်ကို အလွယ်တကူပင်ခန့်မှန်း၍ ရနိုင်ပါသည်။

မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ မတူကွဲပြားသည့် ရာသီဥတုရေစမြေအနေအထားများကို ပိုင်ဆိုင်ထားရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

စာမျက်နှာ ၁၁ သို့ ⁕



ချင်းပြည်နယ် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

ဟားခါး အောက်တိုဘာ ၂၈

ချင်းပြည်နယ် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးကော်မတီဥက္ကဋ္ဌ ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အမှာစကားပြောကြားပြီး အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးကော်မတီ အတွင်းရေးမှူး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးက အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်နိုင်ရေးအတွက် ပြည်သူများအား အသိပညာပေးလုပ်ငန်းများအပါအဝင် သတင်းစုဆောင်းခြင်း၊ လေ့လာစောင့်ကြည့်ခြင်းနှင့် ဖမ်းဆီးအရေးယူခဲ့မှု အခြေအနေများကို လည်းကောင်း၊ ကော်မတီ တွဲဖက်အတွင်းရေးမှူး ချင်းပြည်နယ် ရဲတပ်ဖွဲ့မှူးက အွန်လိုင်း ငွေကြေးလိမ်လည်သူများ ပြုလုပ်လေ့ရှိသည့်နည်းလမ်း၊ Bank Account၊ Mail နှင့် Social Media များ လုံခြုံရေးအတွက် လိုက်နာ ဆောင်ရွက်သင့်သည့် အချက်များနှင့် ချင်းပြည်နယ် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက် လာကြသော ကော်မတီဝင်များ ဖြစ်ကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အွန်လိုင်း လိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆွေးနွေးတင်ပြလိုသည့် အချက်များကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ဖြည့်စွက်ဆွေးနွေး တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို အကြံပြုဆွေးနွေး၍ ပေါင်းစပ်ညှိနှိုင်း ပေးခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

ဖလမ်းမြို့တွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ဌာနဆိုင်ရာရုံးများ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင် ကြည့်ရှုစစ်ဆေး

ဖလမ်း အောက်တိုဘာ ၂၈

ဖလမ်းမြို့မရဲစခန်း ပြုပြင်ပြီးစီးမှု၊ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့ မှူးရုံးအဆောက်အအုံ ပြုပြင်ပြီးစီးမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အဆောက်အအုံ ပြုပြင်ပြီးစီးမှု၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၊ စီမံကိန်းရေးဆွေးနွေးဌာန၊ ခရိုင်နှင့် မြို့နယ် စီမံကိန်းဦးစီးရုံး ပြုပြင်ပြီးစီးမှု၊ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံ ပြုပြင်ပြီးစီးမှုနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိနေသည့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်သည် ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးနေလင်းအောင်၊ ချင်းပြည်နယ် အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လူမှုဝန်ထမ်း ဦးစီးဌာန ဖလမ်း မူလတန်းကြို ကျောင်းသို့ သွားရောက်ပြီး ကလေးငယ်များအတွက် အာဟာရများ ထောက်ပံ့ပေးအပ်ကာ ကလေးများ၏ ကဗျာရွတ်ဆိုနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဖလမ်းမြို့ ယာယီ ပြည်သူ့ဆေးရုံကြီးအတွက် အသစ် ရောက်ရှိလာသော Mobile Digital X-ray တပ်ဆင်ပြီးစီးမှုနှင့် လူနာများအား X-ray ဖြင့် စစ်ဆေးပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ ယနေ့နေ့ ညနေပိုင်း ကလည်း ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်၊ ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ အော်တိုအိတ်ချိန်း/ မိုက်ကရိုဝေ့ စခန်း အဆောက်အအုံပြုပြင် ပြီးစီးမှုအခြေအနေနှင့် ဆက်သွယ်ရေးကုန်ရှိ ဖလမ်းမြို့ပင်မ ရေပေး ဝေရေးကန် ရေဂါလန်တစ်သိန်းဆံ့ ရေလှောင်ကန်နှင့် လှူဒါန်းရပ်သာ အနီးရှိ မြို့တွင်း ရေဖြန့်ဝေကန် ရေဂါလန် နှစ်သောင်းခွဲဆံ့တစ်လုံးနှင့် တစ်သောင်းဆံ့တစ်လုံးမှ တစ်ဆင့် မြို့တွင်း ရေဖြန့်ဝေပေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ဖလမ်းမြို့ (၈) ရပ်ကွက်အား ရေဂါလန် တစ်သိန်းဆံ့ ပင်မရေလှောင်ကန် လေးလုံး၊ မြို့တွင်းဖြန့်ဝေကန် ၃၉ လုံးဖြင့် သောက်သုံးရေများ လုံလောက်စွာ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ရောဝတီတိုင်းဒေသကြီး စာရင်းစစ်ချုပ် မြန်အောင်မြို့နှင့် ကြိခင်းမြို့နယ် ရုံးဝန်ထမ်းများနှင့်တွေ့ဆုံ



မြန်အောင် အောက်တိုဘာ ၂၈

ရောဝတီ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်ငြိမ်းငြိမ်းဝင်း ၂၈ ရက်က မြန်အောင်မြို့နှင့် သည် တိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့်အတူ အောက်တိုဘာ ကြိခင်းမြို့နယ် စာရင်းစစ်ရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ထမ်းများအနေဖြင့် စစ်ဆေးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေး ပြည့်ဝသည့် အစီရင်ခံစာများ ထုတ်ပြန်နိုင်ရေး၊ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ လိုက်နာနေထိုင်ရေး၊ သင်တန်းများဖွင့်လှစ်နိုင်ရေးကိစ္စရပ်များ လမ်းညွှန်မှာကြားခဲ့ပြီး ဝန်ထမ်းများအား ကြက္ခဉများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

❋ စာမျက်နှာ ၁၀ မှ

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ကဲ့သို့သော ကမ္ဘာသိထင်ရှားသည့် ခရီးစဉ်ဒေသတည်ရှိရာ ပူပြင်းခြောက်သွေ့သော မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်လွင်ပြင်ဒေသ၊ ငွေဆောင်၊ ချောင်းသာကဲ့သို့သော ပင်လယ်ကမ်းခြေအပန်းဖြေခရီးစဉ်ဒေသများ၊ မြန်မာနိုင်ငံတောင်ပိုင်းရှိ မြိတ်ကျွန်းစုကဲ့သို့သော အဏ္ဏဝါနှင့် ကမ်းရိုးတန်းခရီးစဉ်ဒေသများ၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ကဲ့သို့သော တောင်ကုန်းတောင်တန်းနှင့် ရေမြေသဘာဝအလှအပကို အခြေပြုသော ခရီးစဉ်ဒေသများ စသည်ဖြင့် ခရီးသွားလုပ်ငန်း ဖော်ဆောင်ရန်အတွက် ကောင်းမွန်သော အခွင့်အလမ်းများသဖွယ် တည်ရှိနေပါသည်။ သို့သော် ရေမြေဒေသကွာခြားခြင်းကြောင့် ရာသီဥတုဆိုင်ရာ အားနည်းချက်များနှင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများမှာ ကွာခြားသွားနိုင်ပါသည်။

ထို့ကြောင့် ရာသီဥတုအခြေအနေနှင့် လမ်းကြောင်းအခြေအနေဆိုင်ရာ သတင်းအချက်အလက်များရယူဖြန့်ဝေခြင်း၊ အရေးပေါ်အခြေအနေတုံ့ပြန်ခြင်းနှင့် ကိုင်တွယ်ထိန်းသိမ်းခြင်း၊ အစားထိုးအစီအစဉ်နှင့် ဒေသခံလူထုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့ကို စီမံဆောင်ရွက်သင့်ပါသည်။ အပူချိန်လွန်ကဲမှု၊ မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးရေလျှံမှု၊ မြေပြိုမှုဆိုင်ရာ သတိပေးအချက်အလက်များ၊ ယင်းဖြစ်စဉ်များကြောင့် ခရီးစဉ်ဒေသ ယာယီပိတ်သိမ်းမှုများကို မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာဌာနများ၊ ဒေသအာဏာပိုင်များ၏ ထုတ်ပြန်ချက်များမှ အချိန်မီရရှိနိုင်စေရန် စီမံဆောင်ရွက်ထားရမည်ဖြစ်ပြီး ခရီးသွားဧည့်သည်များသို့ အသိပေးအကြောင်းကြားခြင်း၊ ခရီးစဉ်အစီအစဉ်များ ပြောင်းလဲခြင်းတို့ကို ပြုလုပ်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၂၀၂၆ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့က အမေရိကန်နိုင်ငံ National Oceanic and Atmospheric Administration (NOAA) ၏ Climate Prediction Center မှ ထုတ်ပြန်မှုအရ အယ်လ်နီညိုသည် ပိုမိုအားကောင်းလာနေပြီး ၂၀၂၇ ခုနှစ် ဧန်နဝါရီလမှ မတ်လအတွင်းအထိ အားကောင်းသည့် သို့မဟုတ် အလွန်အားကောင်းသည့် အခြေအနေဖြစ်ပေါ်နိုင်ခြေ မြင့်မားနေကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ယင်းကာလသည် မြန်မာနိုင်ငံ၌ ခရီးသွားရာသီနှင့် တိုက်ဆိုင်လျက်ရှိနေပါသည်။ မြန်မာနိုင်ငံတွင်းလည်း လာမည့် အယ်လ်နီညိုကို ရင်ဆိုင်နိုင်ရန် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် ပြည်သူလူထုအကြား အသိပညာပေးမှုများ ပြုလုပ်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။ ရာသီဥတုကို လူသားတို့က အပြည့်အဝထိန်းချုပ်နိုင်မည်မဟုတ်သော်လည်း ရာသီဥတုကြောင့်ဖြစ်ပေါ်လာမည့် သက်ရောက်မှုများအပေါ် မိမိတို့၏ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုများကိုမူ ပိုမိုတိုးတက်ကောင်းမွန်စေရန် လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။

ဖြစ်ပေါ်လာမှတုံ့ပြန်ခြင်းထက် ကြိုတင်ခန့်မှန်း ပြင်ဆင်ခြင်းဖြင့် ထိခိုက်မှုအနည်းဆုံးဖြစ်

အယ်လ်နီညိုက ခရီးသွားလုပ်ငန်းကို မည်သို့ပြောင်းလဲစေမလဲဆိုသည်မှာ အရေးကြီးသည့် မေးခွန်းတစ်ခုဖြစ်သော်လည်း ထိုထက်ပို၍ အရေးကြီးသည်မှာ အဆိုပါပြောင်းလဲမှုများကို ရင်ဆိုင်ရန် ခရီးသွားလုပ်ငန်းကဏ္ဍက မည်မျှကြိုတင်ပြင်ဆင်ထားသနည်းဆိုသော မေးခွန်းပင်ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်း၏ အနာဂတ်ကို အာမခံနိုင်ရန် ခရီးသွားဆွဲဆောင်မှုများကို ရောင်းချသည့်လုပ်ငန်း ကဏ္ဍတစ်ခုအဖြစ်သာ မရှုမြင်ဘဲ သဘာဝပတ်ဝန်းကျင်နှင့် အပြန်အလှန်မှီခိုနေသည့် စီးပွားရေးကဏ္ဍ တစ်ခုအဖြစ် ရှုမြင်နားလည်နိုင်ရန် လိုအပ်ပါသည်။

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်း၊ လူသားတို့၏ ဘေးကင်းလုံခြုံမှုကို ဦးစားပေးခြင်းနှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုကို ဦးစားပေးခြင်း တို့သည် အနာဂတ်ခရီးသွားလုပ်ငန်း၏ အောင်မြင်မှုကို အဆုံးအဖြတ်ပေးမည့် အဓိကအချက်များဖြစ်လာမည်ဖြစ်ပါသည်။ အယ်လ်နီညို၏ သက်ရောက်မှုများကို ခရီးသွားလုပ်ငန်း၏ အခက်အခဲများအဖြစ် ရှုမြင်မည့်အစား ပိုမိုကောင်းမွန်သော စီမံခန့်ခွဲမှု စနစ်များ တည်ဆောက်ရန် အခွင့်အလမ်းတစ်ရပ် အဖြစ် ရှုမြင်ပြီး သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာမှ တုံ့ပြန်ခြင်းထက် ကြိုတင်ခန့်မှန်းပြင်ဆင်ခြင်းဖြင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



(၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ လှကမြင်ကွက်သစ် ချယ်ရီ(၅) ကွန်ကရစ်လမ်းသစ်ဖွင့်

ဘားအံ အောက်တိုဘာ ၂၈

နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ ဘားအံမြို့ လှကမြင်ကွက်သစ် ချယ်ရီ(၅) ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်းဒ္ဒ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကား ပြောကြားပြီး ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးတို့နှင့်အတူ ဘားအံမြို့ လှကမြင်ကွက်သစ် ချယ်ရီ(၅) ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကွန်ကရစ်လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ကရင်ပြည်နယ် အစိုးရအဖွဲ့ အနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အထိ လှကမြင်မြို့ကွက်သစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်လွန်ကတ္တရာလမ်း လေးလမ်း၊ ကွန်ကရစ်လမ်း ၃၇ လမ်း၊ မြေသားလမ်း တစ်လမ်းနှင့် Box Culvert ၁၉ စင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကာ ပြည်သူများ အမှန်တကယ် အကျိုးရှိစေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ကာတွန်း



မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၈

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်းကာ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ သို့လှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံ ရေပြင်၏ နိမ့်မြင့် အမှတ် ၃၁၅ ပေမှ သို့လှောင်ရေ လျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၂၈ ရက်နေ့ ညနေ ပိုင်းတွင် တမံရှိရေ ၂၉၇ ဒသမ ၄၀ ပေသာ ကျန်ရှိတော့သဖြင့် ၁၇ ဒသမ ၆၀ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများရှိ ချွန်ထွဲယ်များ၊ ပေါင်းဖြက်များကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုရ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ ၁၀၀

ကျောက်ဆည်မြို့နယ်၌ ကျောက်ချောလမ်းခင်းနေမှု ကွင်းဆင်းစစ်ဆေး

ကျောက်ဆည် အောက်တိုဘာ ၂၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျောက်ဆည်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၁၀၈ ဒသမ ၅၅၂ သန်း ဖြင့် ဆောင်ရွက်လျက်ရှိသော ကျောက်ဆည်-တံတားဦးလမ်းမှ ပွတ္တိုင်ရွာအဝင်လမ်း (၀/၃)မိုင် ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်) အင်ဂျင်နီယာချုပ်(မြို့ပြ)က ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါလမ်းပြီးစီးပါက ကျေးရွာပေါင်း နှစ်ရွာ၊ အိမ်ခြေ ၄၇၅ အိမ်၊ လူဦးရေ ၂၂၀၀ ၏ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ထုတ်ကုန်များ ဈေးကွက်သို့တင်ပို့ရောင်းချရာတွင် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**



ဟင်္သာတမြို့နယ်နှင့်လေးမျက်နှာမြို့နယ်တို့သို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းနှင့် ကုန်ထုတ်လမ်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



ဟင်္သာတ အောက်တိုဘာ ၂၈

ဧရာဝတီ တိုင်းဒေသကြီး ဧလွန်မြို့နယ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)စီမံကိန်းဖြင့် ရွှေတောင်စု ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး ဦးစီးမှူး၊ ဟင်္သာတခရိုင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ကျွန်းတဲကျေးရွာတွင် လူကူးမော်တော်တား လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် ကတက်ကုန်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **ဧငံမာ**

မိတ္ထီလာမြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများ၌ အယ်လ်နီညိုဖြစ်စဉ် ကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေးအတွက် အောက်တိုဘာ ၂၈ ရက်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ရွှေမြန်မာအရက်ဖျော်စပ်စက်ရုံ၊ ချန်းကျန်၊ ရွှင်ဟွ့ အထည်ချုပ်စက်ရုံတို့အား မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ လိုက်လံစစ်ဆေးကာ မီးဘေးလုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်စဉ်။ **ချမ်းသာ(မိတ္ထီလာ)**



အစ္စရေးအထွေထွေရွေးကောက်ပွဲ မဲရေတွက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိ

ကျေရွာဆလင် အောက်တိုဘာ ၂၈

အစ္စရေးနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲ မဲရေတွက်မှုများ ဆက်လက်ပြုလုပ်နေပြီး ဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟု ဦးဆောင်သည့် အာဏာရ အုပ်စုနှင့် အတိုက်အခံအုပ်စုတို့အကြား အနိုင်ရရှိမှု အကြိတ်အနယ်ရှိနေသော်လည်း အာဏာရအုပ်စု အနေဖြင့် လွတ်တော်တွင် အများစုနေရာရရှိရန် မလွယ်ကူကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

မဲရုံများကို အောက်တိုဘာ ၂၇ ရက် ည ၁၀ နာရီတွင် ပိတ်ခဲ့သည်။ အစ္စရေးနိုင်ငံ ရုပ်သံလွှင့်ဌာန Channel 12က မဲရေတွက်မှုနေ့ာက်ဆုံးအခြေအနေနှင့် မဲရုံထွက်ပေါက် စစ်တမ်းများအပေါ် အခြေခံ၍ အမတ်နေရာ ၁၂၀ ရှိသော အစ္စရေးလွှတ်တော်တွင် ပါတီတစ်ခုချင်းစီ ရရှိနိုင်မည့် အမတ်နေရာ ခန့်မှန်း ချက်များကို ထုတ်ပြန်ခဲ့သည်။

အောက်တိုဘာ ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီအထိ ခန့်မှန်းချက်များအရ နေတန်ယာဟု၏ လက်ယာယိမ်း လီကွတ်ပါတီသည် အမတ်နေရာ ၂၇ နေရာနှင့် တပ်မတော်အရာရှိဟောင်း ဂါဒီ အိုင်ဆင်ကော့ ဦးဆောင်သည့် ဗဟိုဝါဒီ ယာရာပါတီသည် အမတ်နေရာ ၂၁ နေရာ ရရှိမည်ဟု ခန့်မှန်းထားသည်။

ထို့ပြင် အာဏာရအုပ်စုက အမတ်နေရာ ၅၂ နေရာ၊ ယာရာပါတီအပါအဝင် အတိုက်အခံအုပ်စုက အမတ်နေရာ ၄၉ နေရာနှင့် အခြားပါတီများက ၁၉ နေရာ ရရှိမည်ဟု ခန့်မှန်းထားသည်။

နေတန်ယာဟုက လီကွတ်ပါတီသည် အစ္စရေး နိုင်ငံ၏ အကြီးဆုံးပါတီဖြစ်ကြောင်း ပြောကြားကာ ဝန်ကြီးချုပ်ရာထူး ဆက်လက်ရယူလိုသည့် ဆန္ဒကို အခိုင်အမာဖော်ပြခဲ့သည်။ ထို့ပြင် အင်အားတောင့် တင်းသော လက်ယာယိမ်းအစိုးရတစ်ရပ် လိုအပ် ကြောင်း ၎င်းက အလေးထားပြောကြားခဲ့သည်။

ယာရာပါတီခေါင်းဆောင် အိုင်ဆင်ကော့က ယခုရွေးကောက်ပွဲကို အစ္စရေးနိုင်ငံတစ်နိုင်ငံလုံး အတွက် အောင်ပွဲဟု ခေါ်ဆိုခဲ့ပြီး အပြောင်းအလဲများ ကို ဖော်ဆောင်နိုင်မည့် တည်ငြိမ်သောအစိုးရတစ်ရပ် အမြန်ဆုံးဖွဲ့စည်းနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ် ကြောင်း ပြောကြားခဲ့သည်။





အာဏာရအုပ်စုဖြစ်စေ၊ အတိုက်အခံအုပ်စု ဖြစ်စေ လွှတ်တော်အမတ်နေရာ အများစုကို မရရှိပါက ညွှန့်ပေါင်းအစိုးရဖွဲ့စည်းနိုင်ရေးအတွက် ဆွေးနွေး ညှိနှိုင်းမှုများ ပြုလုပ်ဖွယ်ရှိကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းဒေသ အခြေအနေအပေါ် အရေးပါ သော သက်ရောက်မှုရှိခဲ့သည့် နေတန်ယာဟုအနေဖြင့် အာဏာကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်လား ဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

အင်နီအိတ်ချ်ကေ

ကျပန်နိုင်ငံ၌ သီးနှံများ အလိုအလျောက်ခူးနိုင်သည့်စက်ရုပ်များ တီထွင်

တိုကျို အောက်တိုဘာ ၂၈



ကျပန်နိုင်ငံရှိ စက်မှုစက်ရုပ်ထုတ်လုပ်ရေးကုမ္ပဏီ Yaskawa Electric နှင့် အမျိုးသားစိုက်ပျိုးရေးသမဝါယမအသင်းချုပ်တို့ ပူးပေါင်းကာ သီးနှံများကို အလိုအလျောက်ခူးဆွတ်နိုင်သည့်ဥာဏ်ရည်တုနည်းပညာသုံး စက်ရုပ်များကို တီထွင် လျက်ရှိကြောင်း သိရသည်။

အဆိုပါစီမံကိန်းသည် စိုက်ပျိုးရေးကဏ္ဍတွင် ကြုံတွေ့နေရသည့် လုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ကုမ္ပဏီနှင့် အသင်းချုပ်တို့ ပူးပေါင်းတီထွင်ထားသည့် အဆိုပါ ဥာဏ်ရည်တုစက်ရုပ်သည် ယခုနှစ်အတွင်း ကျပန်နိုင်ငံ အနောက်တောင် ပိုင်းရှိ ဆာဂါစီရင်စုမှ စိုက်ခင်းတစ်ခုတွင် လုပ်ငန်း စတင်ဆောင်ရွက်ခဲ့သည်။ သင့်လျော်သည့် အရွယ်အစားရှိသော သီးနှံများကို ခွဲခြားသိရှိနိုင်ရန် လေ့ကျင့် ပေးထားပြီး သီးနှံများ၏ ကြီးထွားမှုအခြေ အနေကို အလိုအလျောက်အကဲဖြတ်ကာ ခူးဆွတ်နိုင်ကြောင်း သိရသည်။

Yaskawa Electric ကုမ္ပဏီမှ မတ်ဆူအူရာဟီဒဲနိုရီက စက်ရုပ်များသည် ညအချိန်တွင်လည်း လုပ်ကိုင်နိုင်သဖြင့် လူသားလုပ်သားများ မရရှိနိုင်သည့် အချိန်တွင် အသုံးပြုခြင်းက အကျိုးကျေးဇူး များစွာရှိကြောင်း ပြောကြားခဲ့သည်။

လက်ရှိတွင် အဆိုပါစက်ရုပ်သည် မိနစ် ၄၀ အတွင်း သခွားသီး ၁၂၀ ခန့် ခူးဆွတ်နိုင်သော်လည်း လုပ်ငန်းဆောင် ရွက်မှုအမြန်နှုန်းကို ထပ်မံမြှင့်တင်ရန် လိုအပ်နေသေးကြောင်း ကုမ္ပဏီက ပြော ကြားသည်။

အင်နီအိတ်ချ်ကေ

စပိန်နိုင်ငံ၌ အမြန်ရထားနှစ်စင်း တိုက်မိမှုကြောင့် ၄၆ ဦး သေဆုံး

မက်ဒရစ် အောက်တိုဘာ ၂၈

စပိန်နိုင်ငံအလယ်ပိုင်း တိုလီဒိုပြည်နယ် အူရ်ဒါမြို့အနီးတွင် ယနေ့ နံနက်ပိုင်းက အရှိန်ပြင်း မောင်းနှင်လာသော ကျည် ဆန်ရထားနှစ်စင်း တိုက်မိမှုကြောင့် ၄၆ ဦး သေဆုံးပြီး ၁၇၉ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံအာဏာပိုင် များက ပြောကြားခဲ့သည်။

မက်ဒရစ်မြို့မှ ထွက်ခွာလာသော Renfe AVE အမြန်ရထားတစ်စင်းက ရထားလမ်းကြောင်းပေါ်တွင် စက်ချို့ ယွင်းမှုကြောင့် ရပ်တန့်နေသည့် Iryo ကုမ္ပဏီပိုင် အမြန်ရထားတစ်စင်းကို အနောက်ဘက်မှ အရှိန်ပြင်းစွာ ဝင်တိုက် မိခဲ့ခြင်းဖြစ်သည်။ အဆိုပါ တိုက်မိမှု ကြောင့် Iryo ရထား၏ နောက်ဆုံး တွဲနှစ်တွဲမှာ လမ်းချော်တိမ်းမှောက်သွား ခဲ့သည်။ ရထားနှစ်စင်းလုံးပေါ်တွင် လိုက်ပါခဲ့သည့် ခရီးသည်ပေါင်း ၅၀၀ ကျော်ရှိကြောင်း သိရသည်။



လက်ရှိတွင် စပိန်တပ်မတော်၊ မီးသတ် တပ်ဖွဲ့ဝင်များက အရေးပေါ်ကယ်ဆယ် ရေးရာတာဝန်များဖြင့် ပိတ်မိနေသူများ ကို ကယ်ထုတ်လျက်ရှိပြီး ဒဏ်ရာရရှိသူ ၁၇၉ ဦးအနက် အများအပြားမှာ စိုးရိမ် ရသည့် အခြေအနေတွင် ရှိနေသဖြင့် သေဆုံးသူအရေအတွက် ယခုထက် ပိုမိုမြင့်တက်လာနိုင်ကြောင်း အရပ်ဘက် ကာကွယ်ရေးအဖွဲ့က ပြောကြားခဲ့ သည်။

ယခုမတော်တဆမှုကြောင့် မက်ဒရစ်– အန်ဒါလူစီယာ အမြန်ရထားလမ်းပိုင်း တစ်ခုလုံး ပြေးဆွဲမှုကို ယာယီပိတ်သိမ်း ထားသည်။

စပိန်ဝန်ကြီးချုပ် ပီဒရို ဆန်းချက်ဇ်က ၎င်း၏ နိုင်ငံရေးလုပ်ငန်းစဉ်များကို ဖျက်သိမ်းကာ ကယ်ဆယ်ရေးလုပ်ငန်း များကို အနီးကပ်ကြီးကြပ်စောင့်ကြည့် လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဆင်ဟွာ

ငြိမ်းချမ်းရေးဆိုင်ရာနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအပေါ် ဝေဖန်ပြောကြားခြင်းသည် သံတမန်ရေးဆိုင်ရာဖီဆန်မှုဖြစ်သည်ဟု အီရန်ပြောကြား

တီဟီရန် အောက်တိုဘာ ၂၈

အီရန်နှင့် ငြိမ်းချမ်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး ခဲ့ခြင်းသည် အချိန်ဖြုန်းခြင်းသာဖြစ်သည် ဟု အမေရိကန်သမ္မတထရမ့်က ဝေဖန် ပြောဆိုခဲ့ခြင်းသည် ဝါရှင်တန်၏ သံတမန် ရေးဆိုင်ရာ ဖီဆန်ခြင်းကို ပြသနေသည် ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြော ရေးဆိုခွင့်ရှိသူ အစ္စမေးဗဂါအီက အောက် တိုဘာ ၂၈ရက်တွင် ပြောကြားခဲ့သည်။

မိမိတို့အနေဖြင့် အီရန်နှင့် အပစ်အခတ် ရပ်စဲရေးဆောင်ရွက်ခဲ့ပြီး ၎င်းဆောင်ရွက် ချက်အား မိမိသဘောမကျကြောင်း၊ အဆိုပါ အပစ်အခတ်ရပ်စဲရေးကိစ္စသည် အချိန်ဖြုန်းခြင်းသာဖြစ်သည်ဟု မစ္စစ္စပီ ပြည်နယ်တွင်ကျင်းပသည့် လူထုစည်း ဝေးပွဲတွင် သမ္မတထရမ့်က ပြောကြား ခဲ့ပြီးနောက် ဗဂါအီက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ အဆိုပါထရမ့်၏ ပြောဆိုချက်ကို ကြည့်ခြင်းအားဖြင့် ဝါရှင် တန်၏ သံတမန်ရေးဆိုင်ရာ ဖီဆန်မှုကို အထင်အရှား ပြသနေကြောင်းနှင့် အစ္စလာမဘာတ် ငြိမ်းချမ်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအပေါ်တွင် သမ္မတ ထရမ့်က ယုံကြည်မှုမရှိကြောင်း ဝန်ခံ လိုက်ခြင်းသာဖြစ်ကာ လက်မှတ်ရေးထိုး မှုအား အချိန်ဖြုန်းခြင်းဖြစ်သည်ဟု ပြော ကြားခြင်းမှာလည်း အမေရိကန်၏ သံတမန် ရေးရာကတိကဝတ်များမှာ အနှစ်သာရ ကင်းမဲ့နေကြောင်း ပြသခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံ၌ မီးခိုးမြူငွေ့ကြောင့် အသက်ရှူလမ်းကြောင်းရောဂါ ခံစားရသူများအား အောက်ဆီဂျင်ဓာတ်ငွေ့ကန့်များပါဝင်သည့် ဘတ်စ်ကားများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

ဂျကာတာ အောက်တိုဘာ ၂၈

အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုဒေသရှိ ပလန်ကာ ရာယာမြို့တွင် တောမီးလောင်ကျွမ်းမှုဒဏ်သင့် ဒေသခံများအား မီးခိုးမြူငွေ့ကြောင့် ကျန်းမာရေးထိခိုက်မှုမှ ကာကွယ်ရန် အောက်ဆီဂျင် ဓာတ်ငွေ့ကန့်များပါဝင်သည့် အခမဲ့ဘတ်စ်ကားများပြေးဆွဲကာ ကျန်းမာရေးဝန်ဆောင်မှု ပေးနေကြောင်း သိရသည်။

အဆိုပါဘတ်စ်ကားပေါ်ရှိ ကျန်းမာရေးဝန်ထမ်းများက မီးခိုးမြူငွေ့သင့် ဒေသခံများအား အောက်ဆီဂျင်ပိုက်များ နှာခေါင်းတွင်တပ်ဆင်စေပြီး အသက်ရှူစေခဲ့သည်။

ယခုဆောင်ရွက်သည့် ဝန်ဆောင်မှုသည် အသက်ရှူ လမ်းကြောင်းဆိုင်ရာပြဿနာများ ကြုံတွေ့နေရသူများနှင့် လေထုအရည်အသွေး ဆိုးရွားသည့် အခြေအနေများတွင် အောက်ဆီဂျင်အထောက်အပံ့ လိုအပ်နေသူများ အောက်ဆီဂျင် ရရှိနိုင်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း အလယ်ကာလိမန်တန် ပြည်နယ် ကျန်းမာရေးဌာနက ထုတ်ပြန်သည်။

အဆိုပါဘတ်စ်ကားပေါ်ရှိ ကျန်းမာရေးလုပ်သားက လာရောက်ပြသသည့် လူနာအား ကျန်းမာရေးအခြေအနေ မေးမြန်းမှတ်တမ်းရေးကာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါခံစားရသူများအား အောက်ဆီဂျင်ဓာတ်ငွေ့ ရှူရှိုက်စေခဲ့ ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်းတွင် အောက်ဆီဂျင် အခမဲ့ရယူနိုင်ပြီး မီးခိုးမြူငွေ့ များကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးပြဿနာများအတွက် ကုသမှုခံယူနိုင်သည့်နေရာပေါင်း ၅၀၀ နီးပါးကို ဖွင့်လှစ်ထား ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ၎င်းတို့အနက် ခရေဂ ၃၀၀ နီးပါးမှာ အလယ်ပိုင်း ကာလီမန်တန်ဒေသတွင် တည်ရှိသည်။

ယခုနှစ်တွင် ပြင်းထန်သော အယ်လ်နီညိုရှာသီဥတု ဖြစ်စဉ်ကြောင့် အပူချိန်များ မြင့်တက်လာခဲ့ပြီး ၎င်းသည် သစ်တောများကို မီးလောင်ကျွမ်းရန် လွယ်ကူစေခဲ့သည်။

ဩဂုတ်မှ အောက်တိုဘာလ ၂၅ ရက်အထိ မီးခိုးမြူငွေ့ များနှင့်ဆက်စပ်သည့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ဖြစ်ပွားမှုပေါင်း ၃၅၀၀၀၀ ခန့် ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး ဌာန ထုတ်ပြန်ချက်အရ သိရသည်။ ၎င်းတို့အနက် အလယ်ပိုင်း ကာလီမန်တန်ဒေသတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားသူ ၃၀၀၀၀ ရှိသည်။

VN Express

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၈

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အဓိကနီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝ ပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန်တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ခြောက်ထပ်အဆောက်အအုံ တစ်လုံးအား ယနေ့အထိ ၂၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ လေးလုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အား အသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့်အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် သုံးလုံးတို့အား



ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၆ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း လုပ်ငန်းစဉ်များကို အမျိုးသားရေး သိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်း လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းများအား တာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အလေးထားနိမ့်နင်းလျက်ရှိကြောင်း သိရသည်။

၁၀၀

















ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် AA အဖွဲ့ ၊ PLF အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် ၂၈ ဦးတို့အား မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံ

နေပြည်တော် အောက်တိုဘာ ၂၈

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင် လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် AA အဖွဲ့ဝင် ၁၅ ဦး၊ PLF အဖွဲ့ဝင် တစ်ဦးနှင့် PDF အဖွဲ့ဝင် ၁၂ ဦး စုစုပေါင်း ၂၈ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြပြီး တာဝန်ရှိသူများက ကြိုဆို လက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်တောင် တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ ကျင်းပပြုလုပ်သည်။

ထိုသို့ ကျင်းပပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းမှူး မိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက် လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသူများမှာ AA အဖွဲ့ဝင်များဖြစ်သော ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်မှ အမျိုးသား ငါးဦး၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ အမျိုးသား ခုနစ်ဦး၊ ပေါက်တော်မြို့နယ်မှ အမျိုးသား တစ်ဦး၊ မြောက်ဦးမြို့နယ်မှ အမျိုးသား တစ်ဦး၊ မင်းပြားမြို့နယ်မှ အမျိုးသား တစ်ဦး၊ AA အဖွဲ့ဝင် စုစုပေါင်း ၁၅ ဦး၊ PDF အဖွဲ့ဝင်များဖြစ်သော ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့မှ အမျိုးသားခြောက်ဦး၊ ကြေခင်းမြို့နယ်မှ အမျိုးသားတစ်ဦး၊ ညောင်တုန်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်မှ အမျိုးသား တစ်ဦး၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်မှ အမျိုးသားတစ်ဦး စုစုပေါင်း PDF အဖွဲ့ဝင် ၁၂ ဦးနှင့် PLF အဖွဲ့ဝင်ဖြစ်သော ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ အမျိုးသားတစ်ဦး စုစုပေါင်း ၂၈ ဦးတို့ဖြစ်ကြောင်း သိရှိရသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား အသိပညာပေး အမှာစကားပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် အမ်အေ-၁ သုံးလက်၊ အမ်အေ-၃ တစ် လက်၊ အမ်-၂၂ တစ်လက်၊ အမ်အေ -၁၁ တစ်လက်၊ Type -81 တစ်လက်၊ ပါရီအမျိုးအစား မောင်းပြန်ရိုင်ဖယ် သုံးလက်၊ ကျည်အိမ်မျိုးစုံ ၁၁ ခု၊ ကျည်မျိုးစုံ ၁၉၁ တောင့်တို့အား လွှဲပြောင်း အပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ အတွက် မောင်းပြန်ရိုင်ဖယ်သေနတ် တစ်လက်လျှင် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် သေနတ် ၁၀ လက် အတွက် ကျပ်သိန်း ၅၀၀ နှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ၂၈ ဦးအတွက် ငွေကျပ် ၈၄ သိန်း စုစုပေါင်းချီးမြှင့်ငွေကျပ် ၅၅၄ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်းပြန်လည် ဝင်ရောက်လာသူများ ကိုယ်စား အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံအဖွဲ့ဝင်များသည် မိဘားစု ဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့်အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်လုပ်ဆောင်နေမှုများကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ပင်ပန်းဆင်းရဲရစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်ခြင်းမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆို လက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

အလင်းဝင်(၁)

ကျွန်တော် ၂၀၂၄ ခုနှစ် ဧလပိုင်း ၁၅ ရက်နေ့မှာ ရွာကို စောကရင် ဆိုတဲ့ တပ်ခွဲမှူးဝင်လာပါတယ်။ ဝင်ပြီးတော့ တစ်အိမ်တစ်ယောက် မဲနှိုက်ခိုင်းပါတယ်။ မနှိုက်ဘူးလို့ ပြောတဲ့ အခါကျတော့ တစ်အိမ် တစ် ယောက် ဖမ်းဆီး ခေါ်သွားပါတယ်။ ပြီးတော့ ကျွန်တော်တို့ကို ကားပေါ်တင်ပြီး ရင်း (၉)ကို ပို့ပါတယ်။ ရင်း (၉)မှာ သင်တန်း သုံးလတာက်ပါတယ်။ အလုပ်ကပြီးရင် ကျွန်တော်တို့ သင်တန်း နောက်ထပ် ထပ်တက်



ဆိုတယ် အဲ့ဒါကို မှတ်နေရတာက ခြေကြ

ပါတယ်။ တက်တဲ့အချိန်မှာ ကျွန်တော်တို့ကို သင်တန်းသား ရိုက်နည်းနဲ့ရိုက်တာကို မဟုတ်ပါဘူး။ သူ့ရဲ့စိတ်မှာ ရဲဘော် တစ်ယောက်ကိုရိုက်တာ မဟုတ်ပါဘူး။ နင်းကန်နှိပ်စက် နေတာပါ။ ကျွန်တော်တို့ သင်တန်းသုံးလမှာ လက်နက်ငယ် သင်တန်း၊ တိုက်ခိုက်ရေးသင်တန်း၊ ပြီးရင် ကုန်းထိုး ကျားထိုးတာတွေ သင်ပေးတယ်။ ပြီးရင် ခြံစည်းရိုး ဖြတ်တဲ့နည်းတွေ အဲဒါမျိုးတွေ ကျွန်တော်တို့ကို သင်ပေးပါတယ်။ ကျွန်တော် သင်တန်းဆင်းပြီးတော့ ဧရာဝတီရိုးမစစ်ကြောင်း တပ်ရင်း ၃ ကို ကျွန်တော်တို့ကို ပို့ပါတယ်။ တိုက်တဲ့အချိန်မှာ PDF နှစ်ဦးဦး ကျဆုံးခဲ့ပါတယ်။ ယုံကြည်ချက် မရှိဘဲ ကျွန်တော်အဲဒီထဲ ရောက် သွားတာပါ။ ပြေးခဲ့တဲ့အချိန်မှာ ကျွန်တော်တို့ ညောင်အိုင်ရွာက နေပြီးတော့ ကွင်းကလေးကို ပြေးပါတယ်။ ပြေးတဲ့အချိန်မှာ ကျွန်တော်တို့ကို ကွင်းကလေး ရွာထိပ်ကနေ ပြန်ဖမ်းပါတယ်။ ဖမ်းပြီးတော့ ကျွန်တော်တို့ကို ၁၅ ရက် ခြောက်ပေါက်ချပါတယ်။ လက်နက် ခဲယမ်းတွေလည်း သိမ်းသွားပါတယ်။ ထပ်ပြေး လည်းပြေးရော ကျွန်တော်တို့ တပ်မတော်အဖွဲ့တွေနဲ့ တွေ့ပါ တယ်။ တပ် မတော် နဲ့ ချိတ်ဆက်ပြီး တပ်မတော်အဖွဲ့ တွေကလည်း ပုသိမ်ဘက်ကို ကျွန်တော်တို့ကို ပို့လိုက်ပါတယ်။ တပ်မတော်ထဲ အလင်းဝင်တော့ ကျွန်တော်တို့ကို ရိုက်လည်းမရိုက် ပုတ်လည်းမပုတ်ပါဘူး။ ကျွန်တော် တို့ တပ်မတော်အဖွဲ့ထဲကို အလင်း ဝင်မယ်ဆိုရင် PDF သူပုန်တွေက ကျွန်တော်တို့ကို ပြောပါတယ်။ မင်းတို့ တပ်မတော်ထဲဝင်ရင် သတ်မှာဖြတ်မှာ၊ မင်းတို့ကို အရှင် မထားဘူး။ မင်းတို့ကို သတ်ပြီး တော့ ရေထဲမျှောပစ်မှာလို့ ပြောပါ တယ်။ ကျွန်တော်တို့ အလင်းဝင် တဲ့အခါကျတော့ တပ်မတော်က ကောင်းမွန်စွာ ကျွေးပါတယ်။ ဒီက အရာရှိ ပုဂ္ဂိုလ်တွေကလည်း မနက်စာကို ထမင်းကြော်ရယ်၊ လက်ဖက်ရည်ရယ် တိုက်ပါတယ်။ ကျွန်တော်တို့ အလင်းဝင်ရောက် လာတဲ့သူတွေကို တပ်မတော်မှာ ရှိတဲ့ တာဝန်ရှိသူတွေနဲ့ အစိုးရမှာ ရှိတဲ့ တာဝန်ရှိသူတွေက အခမ်း အနားနဲ့ ကြိုဆိုခဲ့ပါတယ်။ ပြီးရင် ကျွန်တော်တို့ကို ထောက်ပံ့ကြေး ငွေတွေလည်း ပေးခဲ့ပါတယ်။ မိသားစုနဲ့ ပြန်ဆုံခွင့်ရအောင် လုပ်ပေးခဲ့တဲ့ တပ်မတော်မှာ ရှိတဲ့ တာဝန်ရှိသူတွေကိုလည်း ကျွန်တော်တို့ အလင်းဝင် ညီအစ်ကိုတွေက အထူးပဲကျေးဇူး တင်ရှိပါတယ်။ PDF အကြမ်းဖက် အဖွဲ့ထဲမှာရှိတဲ့ သူငယ်ချင်းတွေ အကုန်လုံးကို ကျွန်တော်က ဒီကပဲ ဖိတ်ခေါ်ချင်ပါတယ်။ ကျွန်တော် တို့ဒီမှာထားတာနွေးနွေးထွေးထွေး ကြိုဆိုတယ်။ ဟိုဘက်မှာ နေရတာက ချုံကြိုချုံကြား၊ မြောင်း ကြိုမြောင်းကြားမှာ အိပ်နေရတဲ့ သူငယ်ချင်းအပေါင်းတို့ကို ဒီကပဲ ခေါ်ချင်ပါတယ်။ တပ်မတော်က လည်း နွေးနွေးထွေးထွေးကြိုဆို ပါတယ်။ တကယ်လို့ လာချင်ခဲ့ ရင် တပ်မတော်ကို ချိတ်ဆက် လုပ်ပြီးတော့ အလင်းဝင်လာ ခဲ့ကြဖို့ တိုက်တွန်းနှိုးဆော်အပ် ပါတယ်။

အလင်းဝင် (၂)

ကျွန်တော် AAထဲကို ရောက် သွားတဲ့ အကြောင်းရင်းက တော့ ကျွန်တော်နေတဲ့ ရပ်/ရွာမှာ လာပြီးတော့ စစ်မှုထမ်းဖို့၊ မင်း ငါတို့နဲ့ သင်တန်းတက်ဖို့ ဒီတစ်ခေါက်မှာ လိုက်ခဲ့ဖို့ ကျွန်တော့်ကို ခေါ်သွားတယ်။ ဒီတစ်ခေါက်မှာ မင်းလိုက်ရင် လိုက် မလိုက်လို့ရှိရင် နောက် တစ်ခါဆိုလည်း မင်းတို့တွေ မဖြစ် မနေ ဒီထဲကို ဝင်ရမှာပဲဆိုပြီးတော့၊ ငါခေါ်တဲ့ ဒီတစ်ခေါက်မှာလိုက် ရင်လိုက် မလိုက်လို့ရှိရင် နောက် တစ်ခေါက်ကျလို့ရှိရင် မင်းအိမ်ကို လည်း ပြန်လာရမှာ မဟုတ်ဘူး။



ငါဒီတစ်ခေါက်ခေါ်တယ်ဆိုတာ မင်းတို့ကို စေတနာရှိလို့ ခေါ်တာ။ အဲဒီလိုမျိုး ကျွန်တော့်ကို ပြောပြီးတော့ ခေါ်သွားတယ်။ အလင်းသားကို ပို့တယ်။ အလင်းသာ တောကျောင်းဆိုတဲ့နေရာမှာ ကျွန်တော် သင်တန်းကျောင်းတက်ရတယ်။ ကျွန်တော်တို့ ရဲဘော်တွေပဲ ရှေ့တန်းမှာ နေရတယ်။ သူတို့ကတော့ နောက်ကနေ နေတယ်။ ကျွန်တော်တို့ကတော့ ရှေ့မှာ တိုက်ရတာပေါ့။ အသေခံပြီးတော့ ကုန်းတစ်ကုန်းထိုးလို့နိုင် သွားရင် ကောင်းတယ်။ မနိုင်ဘဲနဲ့ ပြန်ဆုတ်သွားရင်လည်း နောက်က တပ်ခွဲမှူး ဆိုတဲ့လူက သေနတ်ကို မောင်းတင်ပြီး စောင့်နေတယ်။ မင်းတို့ လုံးဝဆုတ်မိန့်မရှိဘဲနဲ့ မဆုတ်ရဘူး။ အဲဒီတော့ ကျွန်တော် တို့ထဲကပဲ သူငယ်ချင်း တစ်ယောက်နဲ့ တွေ့ပြီးတော့ အဲဒီ သူငယ်ချင်းနဲ့ ကျွန်တော် တိုင်ပင်တယ်။ အေး ငါတို့ ဒီထဲမှာ ရှေ့ဆက်ပြီး နေလို့ရှိရင် ဘာမှ အကျိုးမရှိဘူး၊ ငါတို့အသက်တွေ ဆုံးရှုံးသွားတာပဲရှိမယ်။ ကျွန်တော်တို့နှစ်ယောက် ထွက်ပြေးဖို့ တိုင်ပင်ကြပါတယ်။ တိုင်ပင်ပြီးတော့ ကျွန်တော်တို့နှစ်ယောက် ထွက်ပြေးလာတယ်။ ရဲစခန်းကို ကျွန်တော်တို့အဆက်အသွယ်လုပ်တယ်။ ရဲစခန်းက ရဲတွေလာပြီးတော့ ကျွန်တော်တို့ကို ခေါ်တယ်။ ကျွန်တော်တို့ကို ပုသိမ်ပို့တယ်။ ပုသိမ် ပို့ပေးတဲ့အချိန်မှာလည်း ပုသိမ်ရောက်တာ နဲ့ ကျွန်တော်တို့ကို နွေးနွေးထွေးထွေးပဲကြိုဆိုကြပါတယ်။ နွေးနွေးထွေးထွေး ကြိုဆိုတဲ့အပြင် ကျွန်တော်တို့ကို ကောင်းကောင်းမွန်မွန်ပဲ ထားပါတယ်။ ကျွန်တော်တို့ အလင်းဝင်လာတဲ့ လူတွေကို နိုင်ငံတော်နဲ့ တပ်မတော်က တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေက အခမ်းအနားကြီးတွေနဲ့ လုပ်ပေးတယ်။ ပြီးလို့ရှိရင် ထောက်ပံ့ကြေး ငွေဆိုလည်း ပေးပါတယ်။ ပြီးလို့ရှိရင် မိဘတွေနဲ့ ကွဲကွာနေတဲ့လူတွေကို မိဘ တွေနဲ့လည်း အဆက်အသွယ် ရအောင် လုပ်ပေးတယ်။ နိုင်ငံနဲ့ တပ်မတော်မှာ တာဝန်ရှိတဲ့လူတွေ အားလုံးကို အထူးပဲ ကျေးဇူးတင်ပါ တယ်။ ကျွန်တော်တို့လိုပဲ အလင်း လာဝင်ကြပါ။ ကိုယ့်ဘဝခံယူချက် ဘာမှမရှိဘဲနဲ့ အဲဒီမှာ ဆက်ပြီးတော့ မနေကြပါနဲ့၊ ကျွန်တော် အားလုံးကို ဖိတ်ခေါ်ပါတယ်။ **သတင်းစဉ်**

လွိုင်ကော်မြို့၌ နေရပ်ပြန်ပြည်သူများအား မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသမျိုးသန့်တိရစ္ဆာန်များ ပေးအပ်

လွိုင်ကော် အောက်တိုဘာ ၂၈

ကယားပြည်နယ် အစိုးရအဖွဲ့က ယာယီနေရပ်စွန့်ခွာရာမှ ပြန်လည်ရောက်ရှိ နေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများအား မွေးမြူရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန် ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ နေရပ်ပြန်ပြည်သူ အိမ်ထောင်စု ၆၈ စုတို့အား ဝက် ၃၅ ကောင်၊ ဆိတ် ၁၅ ကောင်နှင့် ကြက် အကောင် ၁၈၀ ပေးအပ်သည်။

ကယားပြည်နယ်သည် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အတွက် အလားအလာကောင်း၊ အခြေအနေကောင်းများ တည်ရှိသည့်အတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်မှသာ ပြည်နယ်အတွင်း လုံလောက်စွာ ထုတ်လုပ်နိုင်ပြီး အသားနှင့်ဥ စားသုံးမှု ဖူလုံလာမည်ဖြစ်ကြောင်း၊ အထူးမှာကြားလိုသည်မှာ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မွေးမြူသူများအနေဖြင့် လူမှုစီးပွား ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်လာနိုင်သည့် အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို ပြင်ဆင်ဆောင်ရွက်ထားရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်က တိုက်တွန်းပြောကြားသည်။



ဆက်လက်၍ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက နေရပ်ပြန်ပြည်သူများအား မွေးမြူရေး တိရစ္ဆာန်များ ထောက်ပံ့ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က လွိုင်ကော်မြို့နယ် ထေးသမရပ်ကွက်၊ ပန်ကန်းရပ်ကွက်နှင့် မြေနီကုန်းရပ်ကွက်တို့မှ နေရပ်ပြန်ပြည်သူများကို ဒေသမျိုးသန့်တိရစ္ဆာန်များ ပေးအပ်သည်။

ထို့ပြင် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက လွိုင်ကော်မြို့နယ် စိုက်ကွင်း (၃)၊ ကုန်းသာကျေးရွာ၊ ထေးငှားလျား၊ ပန်ကန်း၊ မြေနီကုန်းရပ်ကွက်များနှင့် ဒီးမော့ဆိုမြို့နယ် ဒေါပိုးစီကျေးရွာနေ နေရပ်ပြန်ပြည်သူများအား ဒေသမျိုးသန့်တိရစ္ဆာန်များ ပေးအပ်ခဲ့ပြီး တက်ရောက်လာသူများကိုယ်စား ကိုယ်စားလှယ် တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နေရပ်ပြန်ပြည်သူများသို့ ပေးအပ်မည့်ဒေသမျိုးသန့်တိရစ္ဆာန်များကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ကျောင်းကုန်းမြို့ မြို့မဈေးကြီး၌ မီးဖြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်



ကျောင်းကုန်း အောက်တိုဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မြို့မဈေးကြီးတွင် ယနေ့မွန်းလွဲပိုင်းက မီးဖြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

ဦးစွာ မီးသတ်ဆေးဘူးဖြင့် မီးဖြိမ်းသတ်ခြင်းနှင့် ရေကိုအသုံးပြု၍ မီးဖြိမ်းသတ်ခြင်းတို့ကို မြို့နယ်သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့ဖြင့် မီးဖြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

အဆိုပါ မီးဖြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်နေရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မဈေး ကြီးကြပ်ရေးအဖွဲ့များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ ဝင်းကြိုင်(ပြန်/ဆက်)

တပ်ကုန်းမြို့နယ်၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အသိပညာပေး

တပ်ကုန်း အောက်တိုဘာ ၂၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ညောင်ပင်သာလေးကျေးရွာတွင် အယ်လ်နီညိုရောသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အသိပညာပေးခြင်းကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

အဆိုပါအသိပညာပေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ရေကို အလေအလွင့်မရှိအောင် စနစ်တကျသုံးစွဲရေးနှင့် အယ်လ်နီညိုအပူဒဏ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ရှင်းလင်းပြောကြားသည်။

တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် ရေပြတ်လပ်မှုမရှိစေရေး အသိပညာပေးခြင်းကို ကျေးရွာ ၁၇ ရွာတွင် အသိပညာပေးဆောင်ရွက်ခဲ့ပြီး ကျန်ကျေးရွာများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ တင်စိုးလွင်



ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ဆိုင်ကယ်စီးဦးထုပ်နှင့် ဆိုင်ကယ်နောက်ရောင်ပြန်များ အခမဲ့ပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၈

ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးနှင့် အမှတ်(၁)ယာဉ်ထိန်းရဲခုတပ်ဖွဲ့ခွဲ (နေပြည်တော်)တို့ပူးပေါင်းဆောင်ရွက်မှုဖြင့် ယာဉ်မတော်တဆမှုကြောင့် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးမှုလျော့နည်းကျဆင်းစေရန် ဆိုင်ကယ်စီးနင်းသူများ ဆိုင်ကယ်စီးဦးထုပ်ဆောင်းစေရန်နှင့် မော်တော်ဆိုင်ကယ်များတွင် နောက်ရောင်ပြန်များ မတပ်ဆင်မှုများကြောင့် ညအချိန်တွင် နောက်ယာဉ်မှ ဝင်တိုက်သည့်ဖြစ်စဉ်များ လျော့နည်းကျဆင်းစေရန် ရည်ရွယ်ချက်ဖြင့် အောက်တိုဘာ ၂၈ ရက် နံနက် ၆ နာရီခွဲက နေပြည်တော် ဓမ္မသီရိမြို့နယ် ဓမ္မသီရိအထူးကုဆေးရုံအနီး ပျဉ်းမနား–တောင်ညီလမ်းမကြီးပေါ်တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရဲမှူးကြီးသန့်ဇင်၏ဦးဆောင်မှုဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဆိုင်ကယ်စီးနင်းအသုံးပြုသူ ပြည်သူများသို့ ဆိုင်ကယ်စီးဦးထုပ် ၁၅၀၊ ဆိုင်ကယ်နောက်ရောင်ပြန် ၂၅၀ နှင့် လက်ကမ်းစာစောင် ၂၅၀ တို့အား အခမဲ့ဖြန့်ဝေပေးပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မင်းမင်းလတ်(မန်းတက္ကသိုလ်)



ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၁၀-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	တာဝယ်	ရုံးချာ	မုဒိမ်	မြစ်ကြီးနား	စစ်ကွေး	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	ထွန်းကော်	ဟားခါး
92 Ron	၄၇၁၅	၄၈၀၀	၄၈၂၀	၄၇၉၀	၄၈၀၅	၄၈၉၀	၄၉၂၅	၄၈၀၀	၅၁၀၀	၅၂၂၀	၄၈၂၀	၄၉၈၀	၄၉၁၅	၄၈၈၀	၄၈၈၀	၅၁၀၀
95 Ron	၄၈၃၅	၄၉၉၀	၄၉၄၀	၄၈၅၀	၄၉၀၅	၅၀၀၀	၅၀၄၀	၄၉၂၀	၅၂၄၀	၅၂၂၀	၄၉၄၀	၅၀၈၀	၅၀၂၀	၄၉၉၀	၅၀၀၀	၅၂၀၀
HSD (500 ppm)	၄၄၄၅	၄၅၉၀	၄၅၄၅	၄၄၆၀	၄၄၉၅	၄၆၁၀	၄၆၃၀	၄၅၂၅	-	၄၉၀၅	၄၅၈၅	၄၆၂၀	၄၆၂၀	၄၅၉၀	၄၆၀၀	၄၈၂၀
HSD (50 ppm)	၄၈၇၅	၄၉၃၀	၄၉၈၀	၄၈၉၀	၄၉၂၅	၄၉၄၅	၄၉၆၀	၄၉၆၀	၅၂၀၀	၄၉၈၅	၄၉၄၀	၅၀၂၀	၅၀၂၀	၄၉၉၀	၄၉၉၀	၅၂၇၀
HSD (10 ppm)	၄၈၇၅	၄၉၃၀	၄၉၈၀	၄၈၉၀	၄၉၂၅	၄၉၄၅	၄၉၆၀	၄၉၆၀		၄၉၈၅	၄၉၄၀	၅၀၂၀	၅၀၂၀	၄၉၉၀	၄၉၉၀	၅၂၇၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၄၈၆	၄၆၁၀
95 Ron	၄၆၁၂	၄၇၂၇
HSD (500 ppm)	၄၂၅၆	၄၃၅၀
HSD (50 ppm)	၅၁၂၃	၅၂၅၆
HSD (10 ppm)	၅၁၂၃	၅၂၅၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါမုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၅၂၊ ၀၉-၆၈၀၅၉၉၀၈၈

စက်သုံးဆီတင်သွင်းသို့လှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

❖ MFF မှ

ငါးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိသည်။

ပွဲစဉ် ၁၅ အပြီးတွင် Pacific Sun Far အသင်းနှင့် MIU အသင်းတို့က ၄၀ မှတ်စီ၊ YRG အသင်းက ၃၇ မှတ်၊ YCDC Dream Team အသင်းက ၂၉ မှတ်၊ ULAD အသင်းနှင့် Gold Dream အသင်းက ၂၇ မှတ်စီ၊ JV အသင်းက ၂၀ မှတ်၊ United City အသင်းက ၁၈ မှတ်၊ Royal Noka အသင်းက ၁၅ မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက ရှစ်မှတ်၊ မင်္ဂလာဒုံစီးတီးအသင်းက သုံးမှတ်၊ Burmese Warriors အသင်းက တစ်မှတ် ရရှိထားသည်။ သတင်း–ရွှိုင်းထက်ဇော်၊ ဓာတ်ပုံ–MFF



ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ဆီမီး ၁၀၀၀၀ ပူဇော်

ပဲခူး အောက်တိုဘာ ၂၉

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓော စေတီတော်မြတ်ကြီးအား ယမန်နေ့ညပိုင်းက သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ဆီမီး ၁၀၀၀၀ ဆက်ကပ်လှူဒါန်း ပူဇော်ပွဲကို ရွှေမော်ဓောဘုရား ရင်ပြင်တော်ပေါ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးတို့က ရွှေမော်ဓောစေတီတော်မြတ်ကြီးအား နမောတဿ သုံးကြိမ်ရွတ်ဆို ကန်တော့ခဲ့ကြပြီး ဆီမီး ၁၀၀၀၀ ကို စတင်မီးထွန်းညှိပူဇော်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ ဘာသာရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်ရင်ပြင်တော်၌ ဆီမီးများ အသီးသီး ထွန်းညှိခြင်းနှင့် ရောင်စုံမီးပုံးပျံများ လွှတ်တင်ပူဇော်ခဲ့ကြကာ တေးညွှန့်မင်္ဂလာ တေးဂီတအဖွဲ့က ညီမျှညောင်းသာယာသောဓမ္မတေးများဖြင့် သီဆို ပူဇော်ခဲ့ကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရွှေမော်ဓောဘုရားလမ်း တစ်လျှောက်၌ ဌာနဆိုင်ရာများ၏ စတုဒိသာမဏ္ဍပ်များတွင် ခေါက်ဆွဲကြော်၊ ကြာဆံကြော် ဖြန်မာမုန့်မျိုးစုံ၊ အချိုရည်၊ အအေးနှင့် အခြားစားသောက်ဖွယ်ရာများ စတုဒိသာကျွေးမွေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ ညချမ်းအချိန်တွင် ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၊ ရွှေသာလျောင်းရုပ်ပွား တော်မြတ်ကြီး၊ ကျိုက်ပွန်လေးမျက်နှာဘုရား၊ မဟာစေတီတော်မြတ်ကြီး၊ ရွှေဂူလေးဘုရား၊ ရွှေဂူကြီး ဘုရား၊ ကျိုက်ပညာယျစေတီတော်မြတ်ကြီး စသည့် ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီများတွင် ညစဉ် ဆီမီးပူဇော်ခြင်းနှင့်အတူ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။ တိုင်းဒေသကြီး(ပြန်/ဆက်)

(၁၀၆)ကြိမ်မြောက် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားကားများ ဒေသစာရီကြွချီပူဇော်ခံမှု ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉

(၁၀၆) ကြိမ်မြောက် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဘုရားကားများ ဒေသစာရီကြွချီပူဇော်ခံမှု ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာ သာသနာ့ဓိဘာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် (၁၀၆)ကြိမ်မြောက် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဘုရားကားများ ဒေသစာရီလှည့်လည်ပူဇော်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အလှူငွေများထည့်ဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ကောင်စီဝင်များက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး နှစ်ကျိပ်ရှစ်ဆူဘုရားကားများ ဒေသစာရီကြွချီပူဇော်ခံမှု ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့်ဝတ်အသင်းများနှင့် ဌာနများ ဒေသစာရီလှည့်လည်ပူဇော်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အလှူငွေများထည့်ဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုကြေးငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

နေပြည်တော် ပျဉ်းမနားမြို့တွင် သီတင်းကျွတ်လပြည့်ကျော်၁ ရက်နေ့တိုင်း ကျင်းပသည့် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီ လှည့်လည်ပူဇော်ပွဲကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



စာအုပ်စာပေ လူမိတ်ဆွေ — အလိမ္မာ စာမှာရှိ

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ဗမ္မာသီရိမြို့နယ် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၂၉



သမိုင်းစဉ်ကာလ တစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်း မြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက် ပေါ်ထွက်ခဲ့ကြသည့်သူရဲကောင်းများ၊ သူ့ကျွန်မခံတွန်းလှန်ခဲ့ကြသည့် မျိုးချစ်ခေါင်းဆောင်ကြီးများ၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များကို မြင်တွေ့လေ့လာမှုများမှ တစ်ဆင့် လူငယ်လူရွယ်များ မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဗမ္မာသီရိမြို့နယ်ရှိ အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော် (လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များ ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုကြေးငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ကြကြောင်း သိရသည်။ သတင်းစဉ်



ဗဟန်းမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အခွန်ဦးစီးဌာနရုံး၏ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန (ဗဟန်း) ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမျိုးသော်က တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

အခြေခံဝမ်းစာဖူလုံရေးမှသည် နိုင်ငံခြားဝင်ငွေရှာဖွေပေးမည့် ကြက်မွေးမြူရေး

ကိုအောင် (ထုတ်လုပ်)

မနက်ခင်း နေရောင်ခြည် မပွင့်တပွင့်အချိန်၊ ရန်ကုန်မြို့၏ စည်ကားလှသောစျေးကြီးများထဲတွင် ကုန်တင်ကားကြီးများ တန်းစီဝင်ရောက်လာကြသည်။ ထိုကားကြီးများပေါ်တွင် အကန့်လိုက်၊ အထပ်လိုက် စီရီထားသော ကတ်ထူဖာများထဲ၌ နိုင်ငံတစ်ဝန်းမှထွက်ရှိလာသည့် လတ်ဆတ်သော ကြက်ဥများပါဝင်သည်။ အခြားတစ်ဖက်တွင်လည်း ရပ်ကွက်စျေးများ၌ သားငါးတန်းများ၌ အိမ်ရှင်မများက မိသားစုထမင်းဝိုင်းအတွက် ကြက်သားကို ရွေးချယ်ဝယ်ယူနေကြသည်။ ဤမြင်ကွင်းများသည် ကျွန်ုပ်တို့ နေ့စဉ်ကြုံတွေ့နေကျ ရိုးရှင်းသောပုံရိပ်များဖြစ်သော်လည်း ယင်းတို့၏ နောက်ကွယ်တွင်မူ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကို တိတ်တဆိတ် မောင်းနှင်နေသည့် အလွန်ကြီးမားသော ယန္တရားကြီးတစ်ခုရှိနေပါသည်။ ထိုယန္တရားကား နိုင်ငံလူဦးရေ၏အများစုဗိုလ်ခိုနေရသော စိုက်ပျိုးမွေးမြူရေးကဏ္ဍပင်ဖြစ်သည်။



ပဲနူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်း စီးပွားဖြစ် တိုင်းရင်းကြက်များ မွေးမြူထားသည်ကို တွေ့ရစဉ်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများသည် မြန်မာနိုင်ငံ၏ အဓိကအကျဆုံးသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်ကြသည်။ မြေဆီလွှာကိုအားပြု၍ အပင်စိုက်ပျိုးခြင်းနှင့် သက်ရှိတိရစ္ဆာန်များကို ပြုစုပျိုးထောင်ခြင်းသည် စာရွက်ပေါ်ရှိ ကိန်းဂဏာန်းများသက်သက်မဟုတ်ဘဲ ပြည်သူလူထု၏ လူမှုစီးပွားဘဝကို လက်တွေ့ကျကျ အကျိုးပြုနေသည့် အသက်သွေးကြောများဖြစ်သည်။ အထူးသဖြင့် နေ့စဉ် မပါမဖြစ်စားသုံးနေရသော ကြက်ဥနှင့် ကြက်သား မွေးမြူထုတ်လုပ်ရေးလုပ်ငန်းသည် ပြည်တွင်း စားရေရိက္ခာဖူလုံရေးအတွက်သာမက စနစ်တကျသာ ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပပို့ကုန်အဖြစ် နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်သည့် ရွေတွင်းကြီးတစ်ခုအဖြစ် ရပ်တည်နေပါသည်။

> ✳ **မွေးမြူရေးလုပ်ငန်းများ အောင်မြင်ရန်အတွက် အဓိကစိန်ခေါ်မှုတစ်ရပ်မှာ အစာဖိုးကုန်ကျစရိတ်ဖြစ်သည်။ ကြက်မွေးမြူရေးတွင် စုစုပေါင်းကုန်ကျစရိတ်၏ ၇၀ ရာခိုင်နှုန်းခန့်သည် တိရစ္ဆာန်အစာအတွက် သုံးစွဲရခြင်းဖြစ်**
>
> ✳ **စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသော ဘေးထွက်ပစ္စည်းများဖြစ်သည့် ဆန်ကွဲ၊ ဖွဲနု၊ ပြောင်းဖူးစေ့၊ ပဲဖတ်၊ နှမ်းဖတ် အစရှိသည်တို့ကို တိရစ္ဆာန်အစာအဖြစ် စနစ်တကျ ဖော်စပ်အသုံးပြုခြင်းဖြင့် သွင်းကုန်အစာများအပေါ် မှီခိုနေရမှုကို သိသိသာသာ လျော့ချနိုင်မည်**

မည်သည့်စီးပွားရေးလုပ်ငန်းကိုမဆို စတင်ရာတွင် စျေးကွက်၏ လိုအပ်ချက် (Demand)ကို တိကျစွာတွက်ချက်နိုင်ရန် အရေးကြီးပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေသည် ၅၁ သန်းကျော်ရှိပြီး ထိုအထဲတွင် မြို့ပြလူဦးရေက ၃၀ ရာခိုင်နှုန်းနှင့် ကျေးလက်နေလူဦးရေက ၇၀ ရာခိုင်နှုန်းခန့် ရှိသည်။ ကျေးလက်ဒေသများတွင် တစ်ပိုင်တစ်နိုင် မွေးမြူထားသော အိမ်မွေးကြက်များမှတစ်ဆင့် မိသားစုစားသုံးမှုအတွက် အထိုက်အလျောက် ဖြေရှင်းနိုင်သော်လည်း မြို့ပြတွင် နေထိုင်သည့် လူဦးရေ ၁၅ သန်းကျော်အတွက်မူ နေ့စဉ်လိုအပ်သော ကြက်ဥနှင့် ကြက်သားပမာဏသည် အလွန်ကြီးမားပါသည်။

မနက်စာကြက်ဥကြော်မှစ၍ နေ့လယ်စာ ကြက်သားဟင်းအထိ မြို့ပြလူနေမှုဘဝ၏ စားသောက်မှုပုံစံသည် အချိန်နှင့်တစ်ပြေးညီ လည်ပတ်နေရသည်။ လူတစ်ဦးလျှင် တစ်ပတ်ကို ကြက်ဥ သုံးလုံးမျှ စားသုံးမည်ဆိုလျှင်ပင် မြို့ပြလူဦးရေ ၁၅ သန်းအတွက် တစ်ပတ်လျှင် ကြက်ဥသန်း ၄၀ ကျော်၊ တစ်လလျှင် သန်း ၁၈၀ နီးပါး ပုံမှန်ထုတ်လုပ်ပေးနိုင်ရန် လိုအပ်နေပြီဖြစ်သည်။ ဤသည်မှာ အကြမ်းဖျင်းတွက်ချက်မှုသာဖြစ်ပြီး မုန့်လုပ်ငန်းများ၊ စားသောက်ဆိုင်များနှင့် လုပ်ငန်းခွင်သုံး စားသောက်မှုများအတွက်ပါ ထည့်သွင်းစဉ်းစားမည်ဆိုပါက လိုအပ်ချက်မှာ ယခုထက်အဆများစွာ ပိုမိုမြင့်မားမည်ဖြစ်သည်။

ထို့ကြောင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရှိရင်းစွဲ လူဦးရေနှင့် လက်ရှိမွေးမြူထုတ်လုပ်နိုင်သည့်ပမာဏကို မြေပြင်သတင်းအချက်အလက်များကောက်ယူကာ စနစ်တကျ တိုက်ဆိုင်စစ်ဆေးရန် လိုအပ်လုပ်ပါသည်။ မည်သည့် ဒေသတွင် အထွက်နှုန်းပိုလျှံနေသနည်း၊ မည်သည့် ဒေသတွင် အထွက်နှုန်းနည်းသနည်းဆိုသည်ကို တိကျစွာသိရှိမှသာ ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက် (Supply Chain) ကို ချောမွေ့အောင် စီမံနိုင်မည်ဖြစ်သည်။ ဒေသတစ်ခုချင်းစီအလိုက် စားရေရိက္ခာဖူလုံအောင် ပထမအဆင့်အနေဖြင့် ဦးစွာလျာထားစီမံပြီးမှသာလျှင် ပိုလျှံသော ထုတ်ကုန်များကို အခြားလိုအပ်သည့်ဒေသများသို့ လည်းကောင်း၊ ထိုမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ လည်းကောင်း တင်ပို့နိုင်ရေးဆက်လက်ကြိုးပမ်းရမည်ဖြစ်သည်။

အရေအတွက်မှသည် အရည်အသွေးဆီသို့

စျေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် အရေအတွက် (Quantity) ပြည့်မီရေးသည် အရေးကြီးသကဲ့သို့ ထုတ်ကုန်များ၏အရည်အသွေး (Quality) ကို မြှင့်တင်ရေးသည်လည်း မျက်ကွယ်ပြု၍မရသောအချက်ဖြစ်သည်။ ယခင်က ကြက်ဥတစ်လုံးရရှိရေး၊ ကြက်သားတစ်ပိဿာရရှိရေးကိုသာ အဓိကထားခဲ့ကြသော်လည်း ယခုခေတ် စားသုံးသူများ၏ အသိအမြင်မှာ ကျယ်ပြန့်လာပြီဖြစ်သည်။

ကြက်ဥတစ်လုံးကို ခွဲကြည့်လိုက်သည့်အခါ ခပ်ဖျော့ဖျော့ အနှစ်အရောင်ရှိသော ကြက်ဥနှင့် ရွှေဝါရောင်ရင့်ရင့်သန်းနေပြီး စေးပိုင်နေသောအနှစ်ရှိသည့် ကြက်ဥတို့အကြား စားသုံးသူ၏ရွေးချယ်မှုမှာ ကွဲပြားသွားမည်သာဖြစ်သည်။ ထို့အတူ ကြက်ဥခွံ၏ထူထဲမှု၊ အနုံအသက်ကင်းစင်မှု၊ လတ်ဆတ်မှုနှင့် ကြက်သား၏အသားအရောင်၊ အရသာ (Eating Quality) အစရှိသည်တို့သည် ထုတ်ကုန်တစ်ခု၏ ဆွဲဆောင်မှုကို အဆုံးအဖြတ်ပေးပါသည်။ သို့ဖြစ်ရာ မွေးမြူရေးလုပ်ငန်းရှင်များ အနေဖြင့် မွေးမြူရေးဇာတိုးခဲ့ခြင်း၊ ကြက်ကောင်ရေတိုးမြှင့်ခြင်းစသည့် အရေအတွက်ပိုင်းဆိုင်ရာ တိုးချဲ့မှုများအပြင် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ ဥနှုန်းကောင်းမွန်ရေး၊ သားပေါက်နှုန်းနှင့် စံကိုက် အရွယ်အစားရရှိရေးတို့အတွက် နည်းစနစ်ကျကျ ပြောင်းလဲလုပ်ဆောင်ကြရမည်ဖြစ်သည်။

အရည်အသွေးကောင်းမွန်သော အခြေခံထုတ်ကုန်များရရှိလာပြီဆိုပါက ထိုမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်များ (Value-added Products) အဖြစ်သို့ အဆင့်မြှင့်တင်ရန် လွယ်ကူသွားမည်ဖြစ်သည်။ ဥပမာ – ကြက်အူချောင်း၊ ကြက်သားပြား၊ ကြက်သားအမှုန့် အစရှိသည့် ကြာရှည်ခံထုတ်ကုန်များအဖြစ် စနစ်တကျ ထုပ်ပိုးထုတ်လုပ်နိုင်ပါက ပြည်တွင်းစျေးကွက်သာမက ပြည်ပစျေးကွက်အထိပါ ထိုးဖောက်ဝင်ရောက်နိုင်မည်ဖြစ်သည်။

ဒေသတွင်း ကုန်ကြမ်းအသုံးပြုမှုနှင့် ကုန်ကျစရိတ်စီမံခန့်ခွဲခြင်း

မွေးမြူရေးလုပ်ငန်းများ အောင်မြင်ရန်အတွက် အဓိကစိန်ခေါ်မှုတစ်ရပ်မှာ အစာဖိုးကုန်ကျစရိတ်ဖြစ်သည်။ ကြက်မွေးမြူရေးတွင် စုစုပေါင်းကုန်ကျစရိတ်၏ ၇၀ ရာခိုင်နှုန်းခန့်သည် တိရစ္ဆာန်အစာအတွက် သုံးစွဲရခြင်းဖြစ်သည်။ ဤနေရာတွင် ကျွန်ုပ်တို့နိုင်ငံ၏အားသာချက်ကို အဓိကရ အသုံးချရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည့်အားလျော်စွာ ပဲ၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ ပဲအမျိုးမျိုးတို့ကို နှစ်စဉ် တန်ချိန်သန်းနှင့်ချီ၍ စိုက်ပျိုးထုတ်လုပ်လျက် ရှိသည်။

ထိုစိုက်ပျိုးရေး လုပ်ငန်းများမှ ထွက်ရှိလာသော ဘေးထွက်ပစ္စည်းများဖြစ်သည့် ဆန်ကွဲ၊ ဖွဲနု၊ ပြောင်းဖူးစေ့၊ ပဲဖတ်၊ နှမ်းဖတ် အစရှိသည်တို့ကို တိရစ္ဆာန်အစာအဖြစ် စနစ်တကျ ဖော်စပ်အသုံးပြုခြင်းဖြင့် သွင်းကုန်အစာများအပေါ် မှီခိုနေရမှုကို သိသိသာသာ လျော့ချနိုင်မည်ဖြစ်သည်။ ဒေသတွင်း ထွက်ရှိသောကုန်ကြမ်းများကို အနည်းဆုံး ၇၀ ရာခိုင်နှုန်းခန့် ပြန်လည်အသုံးပြုပြီး မွေးမြူရေး အစာများ ထုတ်လုပ်နိုင်မည်ဆိုပါက မွေးမြူရေး သမားများအတွက် ကုန်ကျစရိတ်သက်သာစေရုံသာမက စိုက်ပျိုးရေးတောင်သူများအတွက်လည်း ၎င်းတို့၏ ဘေးထွက်ပစ္စည်းများအတွက် နိုင်မာသော စျေးကွက်တစ်ခု ဖန်တီးပေးပြီးသားဖြစ်သွားမည်။ ဤသည်မှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍနှစ်ခု အကြား အပြန်အလှန်အကျိုးပြုနေသည့် ချိတ်ဆက်မှုယန္တရားပင်ဖြစ်သည်။

မည်မျှပင် စျေးကွက်ကောင်းစေကာမူ အခြေခံအုတ်မြစ်မခိုင်မာပါက ရေရှည်ရပ်တည်ရန်မဖြစ်နိုင်ပေ။ ကြက်မွေးမြူရေးတွင် မျိုးသည် အသက်ဖြစ်သည်။ မျိုးဗီဇမကောင်းသောကြက်ကို မည်မျှပင် အစာကောင်းကျွေးကျွေး မျှော်မှန်းထားသည့် အထွက်နှုန်းကိုရနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ဒေသဥတုရာသီနှင့် ကိုက်ညီပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိသော၊ ဥနှုန်းကောင်းမွန်သော (သို့မဟုတ်) အသားတိုးနှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များကို စနစ်တကျ ရွေးချယ်မွေးမြူရန်လိုအပ်သည်။ မျိုးရင်းများမပျောက်ပျက်စေရေးနှင့် ပိုမိုကောင်းမွန်သော မျိုးသစ်များရရှိရေးအတွက် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်နေရမည်ဖြစ်သည်။

ထို့အပြင် ကြက်များ ကျန်းမာစွာကြီးထွားနိုင်ရန် သင့်လျော်သောအပူချိန်၊ လေဝင်လေထွက်နှင့် အလင်းရောင်ရရှိသည့်ခြံများ တည်ဆောက်ရန် လိုအပ်သည်။ ထို့အပြင် ရောဂါဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် ဇီဝလုံခြုံရေး (Biosecurity) စနစ်များကို စနစ်တကျ တပ်ဆင်ထားရှိရမည်။ ခြံပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုများလည်း လိုအပ်ပါသည်။

ကြက်မွေးမြူရာတွင်လည်း ရိုးရာမွေးမြူရေး နည်းစနစ်များမှသည် ခေတ်မီသိပ္ပံနည်းကျ မွေးမြူရေးစနစ်များသို့ ကူးပြောင်းရန်လိုအပ်သည်။ အစာကျွေးနှုန်းတွက်ချက်ခြင်း၊ ကာကွယ်ဆေးထိုး အစီအစဉ်များရေးဆွဲခြင်း၊ အပူချိန်ထိန်းချုပ်စနစ် များအသုံးပြုခြင်း အစရှိသည့် နည်းပညာများကို ကျွမ်းကျင်စွာအသုံးချနိုင်ရမည်။ ပြောင်းလဲလာသော ရာသီဥတုနှင့် ပတ်ဝန်းကျင်အခြေအနေများအပေါ် မူတည်၍ မိမိတို့၏ မွေးမြူရေးနည်းစနစ်များကို အမြဲမပြတ်လေ့လာသုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်မွမ်းမံနေရန် လိုအပ်ပါသည်။

ပြည်ပစျေးကွက် အခွင့်အလမ်း

ပြည်တွင်းဖူလုံရေးအတွက် ဆောင်ရွက်ရင်း တစ်ဖက်တွင်လည်း ပြည်ပစျေးကွက်သို့ ထိုးဖောက်နိုင်ရန် မျှော်မှန်းရမည်ဖြစ်သည်။ ဥပမာအားဖြင့် အိမ်နီးချင်း တရုတ်နိုင်ငံသည် ၎င်း၏ကြီးမားလှသော လူဦးရေအတွက် ပြည်တွင်းထုတ်လုပ်မှုနှင့် မလုံလောက်သဖြင့် အီရန်ကဲ့သို့သော ဝေးလံသည့် နိုင်ငံများမှပင် ကြက်ဥများကို သန်းနှင့်ချီ၍ မှာယူတင်သွင်းနေရသည်။ အလားတူပင် ရုရှားနိုင်ငံသည်လည်း ပြည်ပမှ ကြက်ဥများစွာကို နှစ်စဉ်တင်သွင်းနေရသည်။ တရုတ်နိုင်ငံဆိုလျှင် ကြက်ဥသာမက ကြက်၊ ဝက်၊ ဆိတ်၊ အမဲသား၊ ငါး အစရှိသည့် စားရေရိက္ခာများကို ပြည်ပမှ အမြောက်အမြား တင်သွင်းနေရသည့် ကြီးမားသောစျေးကွက်ကြီးတစ်ခုအဖြစ် တည်ရှိနေပါသည်။

ဤသည်မှာ မြန်မာနိုင်ငံအတွက် ရွှေရောင်အခွင့်အရေးပင်ဖြစ်သည်။ မိမိတို့ဘက်မှ သတ်မှတ်ထားသော အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ လိုအပ်သည့်ပမာဏကို အာမခံချက်ရှိရှိ ပေးစွမ်းနိုင်မည်ဆိုပါက ထိုစျေးကွက်ကြီးများဆီသို့ အချိန်မရွေး တင်ပို့နိုင်မည်ဖြစ်သည်။ စာမျက်နှာ ၁၉ သို့ ❐

ပခုက္ကူမြို့၌ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် ဆီမီးထွန်းပူဇော်သူများဖြင့် စည်ကား

ပခုက္ကူ အောက်တိုဘာ ၂၈

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် သီတင်းကျွတ် လပြည့်ကျော် ၁ ရက် ညနေပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရား၊ စေတီတော်မြတ်ကြီးများ၌ ဆီမီးထွန်းပူဇော်သူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်။



ပခုက္ကူမြို့သည် ဗုဒ္ဓဘာသာသာသနာထွန်းကားရာ မြို့တစ်မြို့ဖြစ်သည်နှင့်အညီ သီဟိုဠ်ရှင်မြတ်စွာဘုရား၊ ရွှေကူမြတ်စွာဘုရား၊ ဖောင်တော်ဦးဘုရား၊ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးများတည်ရှိသောကြောင့် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့် ဒေသခံပြည်သူများအနေဖြင့် မြန်မာလူမျိုးဗုဒ္ဓဘာသာဝင်များအထွတ်အမြတ်ထားရာ နေ့ထူးနေ့ဖြတ်ဖြစ်သည့် သီတင်းကျွတ် လပြည့်ကျော် ၁ ရက်တွင် ဘုရား၊ စေတီတော် ရင်ပြင်များတစ်လျှောက် ဆီမီးထွန်းပူဇော်သူများ၊ အဘိဓမ္မာဒေသနာတော် ရွတ်ဖတ်ပူဇော်သူများ၊ ဗုဒ္ဓရုပ်ပွားတော်များရေသပ္ပာယ်ခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်း၊ ဘုရားပန်းများ လဲလှယ်ခြင်း၊ သစ်သီးဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ငါးအစာကျွေးခြင်း၊ ဘုရားဝင်းအတွင်း ရောင်းချသည့် မုန့်ပဲသရေစာများ ဝယ်ယူစားသောက် အပန်းဖြေခြင်း၊ ဘုန်းတော်ကြီးကျောင်း၊ စာသင်တိုက်များရှိ ဆရာတော် သံဃာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဥပုသ်သီလတရားနာယူခြင်း တို့ဖြင့် ဆက်လက်စည်ကားလျက်ရှိကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)



ပေါင်းတည်မြို့နယ်၌ (၁၄၂)ကြိမ်မြောက် မြို့လုံးကျွတ် ဝါကျွတ်ဆွမ်းလောင်းလှူ

ပေါင်းတည် အောက်တိုဘာ ၂၈

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် နံနက်ပိုင်းက မြို့ပေါ် ၁၂ ရပ်ကွက်ရှိပြည်သူများသည်မိမိတို့လမ်းအသီးသီး ဆွမ်းလောင်းရုံများမှလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ဌာနဆိုင်ရာများသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှလည်းကောင်း ဘုရားအမှူးပြု၍ စီတန်းကြွချီလာကြသော ကျောင်းတိုက်အသီးသီးမှ သံဃာတော် ၁၄၅ ပါးတို့အား (၁၄၂)ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းကြီးလောင်းလှူခြင်းကို စည်ကားသိုက်မြိုက်စွာ ဆက်ကပ်လှူဒါန်းသည်။

ထို့အပြင် မြို့နယ်အတွင်းရှိ ဆွမ်းလောင်းရုံများတွင် စတုဒိသာအလှူအတန်းများ ပြုလုပ်ကာ ကျွေးမွေးလှူဒါန်းလျက်ရှိပြီး ညချမ်းအချိန်အခါများ၌ မြို့ပေါ်ရပ်ကွက်များသို့ အစဉ်အလာမပျက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီ ကြွချီအပူဇော်ခံလျက်ရှိကြောင်း သိရသည်။

ရွှေသား(IPRD)

အင်းစိန်မြို့နယ်လုံးဆိုင်ရာ ပူးပေါင်းဆွမ်းလောင်းအသင်း တည်ထောင်ခြင်းအထိမ်းအမှတ်အခမ်းအနား ကျင်းပ



ရန်ကုန် အောက်တိုဘာ ၂၈

အင်းစိန်မြို့နယ် ရွာမအရှေ့ GTI ကျောင်းရှေ့ရှိ မြို့နယ်လုံးဆိုင်ရာ ပူးပေါင်းဆွမ်းလောင်းအသင်းကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် စတင်တည်ထောင်ခြင်း (၁၅)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၂၇ ရက်က အဆိုပါအသင်းရုံး၌ ကျင်းပသည်။

အသင်းတည်ထောင်သူများနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်၍ ကျောင်းတိုက် ၁၇ တိုက်မှ သံဃာတော်နှင့်သီလရှင်များအား အရုဏ်ဆွမ်းလောင်းလှူကြပြီး ရွာမဟရိယတ္တိစာသင်တိုက် ဆရာတော်ကြီးထံမှ ဩဝါဒခံယူခြင်း၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ အသင်းကြီးသို့ မြို့နယ်/ရပ်ကွက် တာဝန်ရှိသူများနှင့် အလှူရှင်များ စုပေါင်း၍ ဆန် ၁၅ အိတ် လှူဒါန်းခြင်း၊ ကုသိုလ်ရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခြင်းနှင့် ရေစက်ချအမျှပေးဝေခြင်းတို့ကို ဆောင်ရွက်သည်။

ဆောင်ရွက်လျက်ရှိ

အသင်းကြီးသည် ယနေ့အထိ သံဃာတော်နှင့်သီလရှင်များအား နေ့စဉ်အရုဏ်ဆွမ်းများ(ကျောင်းတိုက်များအရောက်)လောင်းလှူနိုင်ခဲ့ကာ မြို့နယ်အတွင်း ဆရာတော်သံဃာတော်များ ဦးစီးကျင်းပပြုလုပ်သော ဘာသာရေး၊ လူမှုရေးပွဲတော်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်မိုး

စဉ့်ကူးမြို့၌ မြို့နယ်လုံးဆိုင်ရာ ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

စဉ့်ကူး အောက်တိုဘာ ၂၈

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့ရွှေမုဋ္ဌောဘုရား၌ ပထမအကြိမ် စဉ့်ကူးမြို့နယ်လုံးဆိုင်ရာ ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ စဉ့်ကူးမြို့နယ် သံဃာနာယကအဖွဲ့ဥက္ကဋ္ဌ ရွာတော်လေးချမ်းမြေသာစည် ကျောင်းတိုက် ဆရာတော် ဦးဝရသာမိထံမှ ဩဝါဒတရားတော်များ နာယူကြသည်။

ဆက်လက်၍ ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပရာ ပထမဆုရရှိသော အမှတ်(၁) ရပ်ကွက် ဟိတောသိအသင်းအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဆုရရှိသော တောင်အင်းကျေးရွာ အသင်းအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး၊ တတိယဆုရရှိသော ကျွန်းစည်ကျေးရွာ ဓမ္မစာရီဝတ်အသင်းအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ နှစ်သိမ့်ဆု(၁)ရရှိသော ဆည်ကြီးကျေးရွာ ရတနာ၃ဂုဏ်ရည်ဝတ်အသင်းအား ဗိုလ်မှူး မင်းထက်အောင်နှင့် နှစ်သိမ့်ဆု(၂)ရရှိသော ညောင်ဝန်းကျေးရွာ ပုညကာရီဝတ်အသင်းအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်တို့က ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဝတ်ရွတ်ပြိုင်ပွဲကို သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းမှစ၍ လပြည့်ကျော် ၁ ရက် အထိ ဝတ်ရွတ်အသင်း ၂၃ သင်းတို့က ပါဝင်ယှဉ်ပြိုင်ကြရာ ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ခုနှစ်သိန်း၊ တတိယဆု ငွေကျပ် ငါးသိန်း၊ နှစ်သိမ့်ဆု တစ်ဆုလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တင်ဇာလွင်(ပြန်/ဆက်)



သီတင်းကျွတ်အခါသမယ၌ ဒေသဓလေ့ထုံးစံနှင့်အညီ ရပ်ကွက်အလိုက် မီးကြာလှည့်လည်

နောင်ချို အောက်တိုဘာ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ဒေသ၏ထုံးတမ်းအစဉ်အလာနှင့်အညီ ရပ်ကွက်အလိုက် မီးကြာလှည့်လည်၍ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ကန်တော့ခြင်းများကို ယနေ့ညနေပိုင်းက ဆောင်ရွက်သည်။

ထိုသို့ လှည့်လည်ရာတွင် ဗြောအဖွဲ့နှင့်တံခွန်ကုတ္တား မုလေးပွား ကိုင်ဆောင်သည့် ဂေါပကလူကြီးများက ရှေ့ဆုံးမှစီတန်း၍ မိန်းမယ်လေးများက ပန်းအုပ်များ၊ ကာလသားများ၊ အမျိုးသမီးများ၊ ကလေးငယ်များက မီးကြာ၊ မီးပန်းများကိုင်ဆောင်၍လည်းကောင်း၊ ဆင်အက၊ ဦးရွှေရိုးအက၊ တိုးနရာအကများဖြင့် ကပြဖျော်ဖြေ၍လည်းကောင်း မြို့တွင်း၌ စည်ကားစွာလှည့်လည်ခဲ့ကြသည်။

နောင်ချိုမြို့နယ်၌ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် ရပ်ကွက်အလိုက် မိမိတို့ရပ်ကွက် ဘုန်းတော်ကြီးကျောင်းများသို့ မီးလှည့်၍ သွားရောက်ကန်တော့ခြင်းများဆောင်ရွက်ကြပြီး လပြည့်ကျော် ၂ ရက်နှင့် ၃ ရက်တို့တွင် အခြားရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ကန်တော့ခြင်းများ အစဉ်အလာမပျက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

❐ စာမျက်နှာ ၁၈ မှ

ထို့ကြောင့် စွေးကွက်ရှိနေပါလျက်နှင့် ပစ္စည်းမရှိ၍ လွဲချော်ရသည့်အဖြစ်မျိုးမကြုံတွေ့စေရန် ထုတ်လုပ်နိုင်စွမ်းအား (Production Capacity) ကို ကြိုတင်ပြင်ဆင်မြှင့်တင်ထားရန် အထူးလိုအပ်လှပါသည်။

ကြက်နှင့် ကြက်ဥ မွေးမြူထုတ်လုပ်ရေးလုပ်ငန်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးလည်ပတ်မှုယန္တရားတွင် အရေးပါသောအစိတ်အပိုင်းမှ ပါဝင်နေပါသည်။ နေ့စဉ်ကြုံတွေ့နေရသော ပြည်တွင်းစားရေရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးရုံသာမက စနစ်တကျသာ စီမံခန့်ခွဲနိုင်ပါက နိုင်ငံခြားဝင်ငွေရရှာဖွေပေးနိုင်သည့် မဟာဗျူဟာမြောက် ကဏ္ဍတစ်ခုဖြစ်လာနိုင်ပါသည်။ ထိုသို့ဖြစ်လာစေရန်အတွက် မွေးမြူရေးတောင်သူများအနေဖြင့် အရေအတွက်ကိုသာမက အရည်အသွေးကိုပါ အလေးထားရန်၊ ပြည်တွင်းထွက် ကုန်ကြမ်းများကို အကျိုးရှိစွာအသုံးချရန် လိုအပ်ပါသည်။ အခြားတစ်ဖက်တွင်လည်း သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ ဝန်ထမ်းများကပါ မြေပြင်အချက်အလက်များကို တိကျစွာ စစ်တမ်းကောက်ယူသုံးသပ်ပြီး လိုအပ်သောနည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာပံ့ပိုးမှုများကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။

အားလုံးက ဟန်ချက်ညီညီ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက မြန်မာ့ကြက်မွေးမြူရေးကဏ္ဍသည် အခြေခံဖူလုံမှုဟူသောအဆင့်ကို ကျော်လွန်၍ ပြည်ပပို့ကုန်အဖြစ် နိုင်ငံ့စီးပွားရေးကို တက်ကြွစွာမောင်းနှင်ပေးမည့် အင်အားကြီးမားသော စီးပွားရေးမောင်းနှင်အားတစ်ရပ်အဖြစ် မလွဲမသွေ ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

ကျောက်ဆည်မြို့နယ်၌ ခရမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် အောက်တိုဘာ ၂၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၇ အုပ်စု၊ ကျေးရွာပေါင်း ၂၀၀ ကျော်ရှိပြီး စပါး၊ မြေပဲ၊ နေကြာ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါ၊ နှံစား ပြောင်း၊ ဖူးစားပြောင်း၊ နနွင်း၊ ငရုတ်၊ ကျွဲနွားစာနှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးလျက်ရှိရာ ရန်ပုံနှစ်ကျေးရွာ၌ စိုက်ပျိုးထားသော မျှားနီတံဆိပ် ကာမစ်အမျိုးအစား ခရမ်းကြွပ်အစိမ်းရောင် အပိုင်းသီးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး သုံးရက်ခြားတစ်ကြိမ် ခူးဆွတ်ရောင်းချရသဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိသည်။



ခူးဆွတ်ရောင်းချ

ခရမ်းသီးပင်သည် စိုက်ပျိုးပြီး ၄၅ ရက်တွင် စတင်ခူးဆွတ်ရပြီး အပင်အပြုအစုကောင်းပါက တစ်နှစ်ပတ်လုံးနီးပါး ခူးဆွတ်ရောင်းချရကြောင်း ခရမ်းသီးနှံ သုည ဒသမ ၅ ဇက စိုက်ပျိုးထားသည့် ဦးတင်ထွန်းက အသီးလှိုင်ချိန်တွင် တစ်ခါခူးဆွတ်ပါက ပိသာ ၂၀၀ နီးပါး ခူးဆွတ်ရပြီး ကာလရှည် ခူးဆွတ်ရောင်းချရကြောင်း ပြောသည်။

မြို့နယ်(ပြန်/ဆက်)

မိုင်းယောင်းမြို့၌ နတ်ပွဲ(ခေါ်)နတ်ဈေးနေ့တွင် လာရောက်လည်ပတ်သူများဖြင့် စည်ကား

မိုင်းယောင်း အောက်တိုဘာ ၂၈

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့၌ အောက်တိုဘာ ၂၈ ရက်က တစ်နှစ်လျှင် တစ်ရက် သာကျင်းပသည့် နတ်ပွဲ(ခေါ်) နတ်ဈေးနေ့တွင် ဒေသခံ တိုင်းရင်းသားများနှင့် ရပ်နီး ရပ်ဝေးမှ လာရောက်လည်ပတ်သူ များဖြင့် အထူးစည်ကားသည်။



နတ်ပွဲ(ခေါ်)နတ်ဈေးနေ့တွင် ဒေသခံ တိုင်းရင်းသားပြည်သူ များက အမှတ်(၃)ရပ်ကွက် မြို့နယ်နတ်နန်းရှိ မြို့စောင့်နတ် အား ဒေသရိုးရာလေ့ထုံးတမ်း နှင့်အညီ သွားရောက်ပူဇော်ပသ ကြခြင်း၊ ဌာနေရှမ်းအဆိုတော် များက "ကမ်ခပ်" သီချင်းဖြင့် သီဆိုဖျော်ဖြေပေးခြင်း၊ နတ်ဆင်း ပြီး ဆန်ရေစပါး ပေါများကြွယ်ဝ ရေးအတွက် စောင့်ရှောက်ကူညီ မှုများနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်များ ပြောပြပေးခြင်းကို ယခုနှစ်တွင်လည်း ရိုးရာအစဉ် အလာမပျက်ကျင်းပခဲ့သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ထူးခြားသော ဤပွဲတော်သည် ရှေးယခင်ကတည်းက တန်ဖိုး ထား ထိန်းသိမ်းလာခဲ့သည့် ရှမ်းရိုးရာယဉ်ကျေးမှုနှင့် ယုံကြည် ကိုးကွယ်မှု ဓလေ့တစ်ခုဖြစ်ကာ တစ်နှစ်မှ တစ်ကြိမ်သာ ကြဲကြိုက် ရသည့် ရိုးရာပွဲတော်ဖြစ်သဖြင့် ဒေသခံများက မိမိတို့၏ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းများကို ခေတ္တ ရပ်နားး၍ စုပေါင်းဆုံတွေ့ကြပြီး တစ်နှစ်တာအတွင်း ဒေသထွက် ကုန်ပစ္စည်းများနှင့် လူသုံးကုန် ပစ္စည်းမျိုးစုံကို လာရောက် ရောင်းချကြသကဲ့သို့ ပွဲတော်ရက် အတွင်း ရပ်နီးရပ်ဝေးမှ ဘုရား ဖူးများနှင့် ဈေးရောင်းစေ့းဝယ် ပြုသူများ၊ လာရောက်လည်ပတ်သူ များဖြင့် စည်ကားခဲ့ကြောင်း သိရ သည်။

နန်းပန်(ပြန်/ဆက်)

တွံတေးမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အခွန်ဦးစီးမှူးရုံးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင် ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာ စကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာန အခွန်ဦးစီးမှူးက တည်ဆဲ အခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် ပြေစာ အပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ) ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသော ဝက်များကို အဆိုပါ ရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော် အပ်ပါသည် -

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဖြွဲ့စည်းတင်ရန်၊

(၂) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်း စားကျန်များကျွေးမွေးခြင်း မပြုရန်၊

(၄) အခြားခြံမှအသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူ အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၅) အသက်အရွယ်တူ ဝက်များကိုသာ အတူတူမွေးမြူရန်၊

(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(၈) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်း မွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက် ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များ အား လိုက်နာဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန



(၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

